ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့။ Thursday, 9 March 2023 ၁၁၀၃၄

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းလေးဖောင်တော်ဦး စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် မတ် ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ အင်းလေးဖောင်တော်ဦးစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

**အမှတ်တရလက်မှတ်ရေးထိုး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် စေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မှတ်တမ်း စာအုပ်တွင် အမှတ်တရလက်မှတ်ရေးထိုးပူဇော်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းလေးဖောင်တော်ဦး စေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုစဉ်။

**ယနေ့ ဖတ်စရာ**

**အသေးစားငွေရေးကြေးရေး လုပ်ငန်းများ စည်းစနစ်ကျနစွာဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လို**

စာမျက်နှာ » ၉

**ကိုဗစ်-၁၉ ရန်ပုံငွေမှ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း(၁)နှစ် ထပ်မံတိုးမြှင့်ပေးကြောင်း အသိပေးကြေညာ**

စာမျက်နှာ » ၁၁

**၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့တွင် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၆၁၈၅၁ ဦးရှိ**

စာမျက်နှာ » ၁၂

# ကြေးမုံ

## ကျွမ်းကျင်လုပ်သားအရင်းအမြစ်များဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကြိုးပမ်း

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများပေါများကြွယ်ဝပြီး ရေခံမြေခံကောင်းမွန်သည့်နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းများပေါများပြီး သစ်တောနှင့် တွင်းထွက်သယံဇာတပစ္စည်းများကို အဆက်မပြတ်ထုတ်ယူနိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းပြီး သဘာဝသယံဇာတပေါများကြွယ်ဝသော်လည်း တိုင်းပြည်ဖွံ့ဖြိုးရေးနှင့် စီးပွားတိုးတက်ရေးတို့တွင် လိုအပ်ချက်များရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

တိုင်းပြည်ထွက်ကုန်ပစ္စည်းများကို အရည်အသွေးမီသည့် ကုန်ချောပစ္စည်းအဖြစ် ထုတ်လုပ်နိုင်ခြင်းမရှိဘဲ မြေပေါ်၊ မြေအောက်ထွက်ကုန်များကို ကုန်ကြမ်းအဆင့်ဖြင့်ပင် ရောင်းချနိုင်သဖြင့် အမြတ်အစွန်းနည်းပြီး တိုးတက်သင့်သလောက်မတိုးတက်ဘဲဖြစ်ခဲ့သည်။ သစ်တောကဲ့သို့သော မြေပေါ်သယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲပြီး ပြန်လည်ဖြည့်တင်း စိုက်ပျိုးခြင်းမရှိသောကြောင့် သစ်တောပြုန်းတီးလာပြီး ရာသီဥတုပြောင်းလဲခြင်းအကျိုးဆက်များကို ကြုံတွေ့နေရသည်။ သတ္တုနှင့်တွင်းထွက်ပစ္စည်းများကိုလည်း ကုန်ချောအဖြစ်မထုတ်လုပ်နိုင်ဘဲ ကုန်ကြမ်းအဖြစ် ရောင်းချခြင်းဖြစ်၍ တိုင်းပြည်အတွက် နစ်နာခဲ့ရသည်။ မြန်မာနိုင်ငံမှ ကုန်ကြမ်းပစ္စည်းများကို ဈေးနှုန်းနည်းနည်းဖြင့် ရောင်းချရပြီး ပြည်တွင်းသို့ ပြန်လည်တင်သွင်းလာသော ကုန်ချောများကို ဈေးနှုန်းမြင့်မြင့်ဖြင့် ပြန်လည်ဝယ်ယူရသဖြင့် များစွာနစ်နာမှုရှိသည်။

ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများသည် အခြားနိုင်ငံမှ ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ အဆင့်မြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ကြသဖြင့် ချမ်းသာကြွယ်ဝလာကြသည်။ထို့ကြောင့် ချမ်းသာကြွယ်ဝခြင်းသည် သဘာဝသယံဇာတပေါများခြင်းထက် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များပေါများခြင်းနှင့် နည်းပညာထွန်းကားမှုသည် အဓိကဖြစ်သည်ကို တွေ့မြင်နိုင်သည်။ ထို့ကြောင့် ကျွမ်းကျင်သည့်အရင်းအမြစ်များ ပေါများရေးနှင့် နည်းပညာထွန်းကားရေးအတွက် ပညာရေးကို အားပေးမြှင့်တင်ပေးနေသည်ကိုတွေ့ရသည်။ မည်သို့သောအခြေအနေရှိသည်ဖြစ်စေ နိုင်ငံအတွင်းရှိ မျိုးဆက်များ ပညာရည်မြင့်မားလာရေးအတွက် စဉ်ဆက်မပြတ်အားပေးမြှင့်တင်ပေးခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ပညာရည်မြင့်မားသော မျိုးဆက်များက မိမိတို့နိုင်ငံကို တိုးတက်သည့်နိုင်ငံအဖြစ် ဖန်တီးတည်ဆောက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို အဆင့်မီမီထုတ်လုပ်နိုင်ရန် အားပေးမြှင့်တင်ဆောင်ရွက်ခြင်း၊ မြေအောက်သယံဇာတများ ထုတ်ယူသုံးစွဲခြင်းကိုလည်း ကုန်ကြမ်းအဖြစ် ထုတ်လုပ်ခြင်းမဟုတ်ဘဲ ကုန်ချောအဖြစ် ထုတ်လုပ်ခြင်းများကိုသာ ခွင့်ပြုပေးလျက်ရှိခြင်း၊ မြေပေါ်မြေအောက် သယံဇာတများကို ထုတ်ယူသုံးစွဲခြင်းထက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်း၊ နိုင်ငံခြားငွေရရှိရေးအတွက် ပြည်တွင်းထုတ်ကုန်များ အဆင့်မြှင့်တင်ထုတ်လုပ်ခြင်း၊ ပြည်ပသွင်းကုန်များလျှော့ချပြီး ပြည်တွင်းထုတ်ကုန်ပစ္စည်းများ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဖြည့်ဆည်းပေးခြင်း၊ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဒေသအသီးသီးသို့ကွင်းဆင်း၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်လာအောင် လိုအပ်သည်များကို ပေါင်းစပ်ဆွေးနွေးဖြည့်ဆည်းပေးခြင်း စသည်ဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် နည်းပညာနှင့်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ခြင်းမရှိသဖြင့် အရာရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများကိုသာ မှီခိုအားထားနေရသည်။ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အဆင့်မီစွာဆောင်ရွက်နိုင်ရန် ကျွမ်းကျင်သည့်လူသားအရင်းအမြစ်များ လိုအပ်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်များပေါများလာစေရေးအတွက် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ ပညာရေးနိမ့်ကျလျက်ရှိနေခြင်းသည် ပညာကို ဆုံးခန်းတိုင်အောင် သင်ကြားခြင်းမပြုနိုင်ခြင်းနှင့် ပညာရေးတန်းစဉ်ကူးပြောင်းမှုနှုန်း နည်းပါးနေသောကြောင့်ဖြစ်သည်။ အတန်းပညာရှိမှသာ မိမိဘဝရပ်တည်ရေးကို ဖြည့်ဆည်းနိုင်မည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မတ်လ ၇ ရက်နေ့တွင် ရှမ်းပြည်နယ်ရှိ MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် "ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးရန်မှာ အစိုးရ၏တာဝန်ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်သည် တစ်ဦးချင်း၏ကြိုးစားအားထုတ်မှုဖြင့်သာ သက်ဆိုင်သည်ဖြစ်သဖြင့် အခြေခံလိုအပ်ချက်ဖြစ်သည့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း" ပြောကြားခဲ့သည်။ ပညာရေးကို အားပေးဆောင်ရွက်မှသာလျှင် ဒေသနှင့် နိုင်ငံတော်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ပေါများလာပြီး နည်းပညာများလည်းထွန်းကားကာ နိုင်ငံ့စီးပွားမြင့်မားရေးကို မြှင့်တင်တွန်းအားပေးဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထား ဆောင်ရွက်ရေး။
- ★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ဝမ်းတွင်းမြို့နယ်၌ အစိုးရပါဠိပထမပြန် စာမေးပွဲနှင့် မြို့နယ်အခြေပြု ပရိယတ္တိစာမေးပွဲ ဆုနှင်းသဘင်အခမ်းအနား ကျင်းပ

ဝမ်းတွင်း မတ် ၈

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲနှင့် မြို့နယ်အခြေပြု ပရိယတ္တိစာမေးပွဲ ဆုနှင်းသဘင် အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက သဲတောမြတ်ဘုန်းရှင်ကျောင်းတိုက်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ ဇဟိုကျောင်းတိုက်ဆရာတော် ဦးစိန္တိတထံမှ ငါးပါးသီလခံယူကာ ဩဝါဒစကားနာယူခဲ့ကြသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးရဲမြင့်သိန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားခဲ့ပြီး စာအောင်အရှင်မြတ်များအားဘွဲ့လက်မှတ်နှင့်အတူ စာအောင်ဆုများ ဆက်ကပ်လှူဒါန်းကြရာ အစိုးရပါဠိပထမပြန်စာမေးပွဲအောင် အရှင်မြတ် ၃၄ ပါး၊ မြို့နယ်အခြေပြုပရိယတ္တိစာမေးပွဲအောင် အရှင်မြတ်အပါး ၄၀ စုစုပေါင်း ၇၄ ပါးတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်



များ၊ မြို့နယ်လုံခြုံရေးအရာရှိနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းခဲ့ကြပြီး မြတ်ဘုန်းရှင်ကျောင်း မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်က ကျေးဇူးတင်ဝမ်းမြောက်ဖွယ်ရာစကား မိန့်ကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၈ - ၃ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၃၀၀ | ၂၂၄ | ၁,၈၅၁,၉၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၅၀ | ၁၁ | ၃၅,၇၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၀ | ၀ |
| FPB | ၁,၆၅၀ | ၁,၆၅၀ | ၃၃၃ | ၅၄၉,၄၅၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၂၀၅ | ၅၄၃,၂၅၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၅ | ၁၃,၅၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၉ | ၄၄,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၁၄.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၂.၅၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၉.၈၆၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၄.၀၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၆၀၁ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၈၆.၆ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၅၀.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၂၆.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၉.၃၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဖောင်တော်ဦးစေတီတော်မြတ်ကြီးဆရာတော် ဘဒ္ဒန္တဝိဇယအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ အင်းလေးဖောင်တော်ဦး စေတီတော်မြတ်ကြီး အတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

❂ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ စိန်နှင့်မြ ကျောင်းတိုက်အတွင်း၌ ဖောင်တော်ဦး စေတီတော်မြတ်ကြီး ဆရာတော် ဘဒ္ဒန္တ ဝိဇယအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ဆရာတော်ကြီး၏ ကျန်းမာရေးဆိုင်ရာ များနှင့် အင်းလေးဒေသနှင့် စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည်များကို လျှောက်ထားပြီး ဆရာတော်ကြီးထံမှ ဩဝါဒကို နာယူသည်။

**စီမံဆောင်ရွက်ပေး**

ထို့နောက် ဒေသရိုးရာလက်မှုထွက်ကုန်များနှင့် ရိုးရာအဝတ်အထည် အရောင်းဆိုင်များကို လှည့်လည် ကြည့်ရှုအားပေးပြီး အင်းလေးဒေသမှ ထွက်ရှိသည့် ထွက်ကုန်ပစ္စည်းများအား ယခုထက် အရည်အသွေးပိုမိုကောင်းမွန်စွာ ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် လိုအပ်သည့် နည်းပညာနှင့် အကူအညီများပေးအပ်သွားရန်၊ ဒေသတစ်ခုထုတ်ကုန်တစ်ခု One Village One Product ဖြစ်စေရေး စီမံဆောင်ရွက်ပေးရန်နှင့် လာမည့်နွေရာသီ ကျောင်းပိတ်ရက်များအတွင်း အင်းလေးဒေသသို့ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးဧည့်သည်များ စိတ်ချမ်းမြေ့စွာ လာရောက်နိုင်ရေး တာဝန်ရှိသူများကို မှာကြားသည်။

**ကြည့်ရှု**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းလေးကန်အတွင်း စက်လှေများဖြင့် လှည့်လည်၍ အင်းလေးဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်မည့် အခြေအနေများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒေသရိုးရာလက်မှုထွက်ကုန်များနှင့် ရိုးရာအဝတ်အထည် အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ အင်းလေးကန်အတွင်း စက်လှေများဖြင့် လှည့်လည်၍ အင်းလေးဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်မည့် အခြေအနေများကို ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတည်ဆောက်ရေးတွင် သံမဏိသည် မဖြစ်မနေလိုအပ်သည့်ပစ္စည်းဖြစ်ပြီး ပြည်တွင်းသံမဏိလိုအပ်ချက် များစွာရှိသဖြင့် သံမဏိထုတ်လုပ်ရေးစီမံကိန်းများအား အောင်မြင်အောင်ဆောင်ရွက်

**နေပြည်တော် မတ် ၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် ပင်းပက်ဒေသ ပင်ငိုကျေးရွာအနီးရှိ စက်မှုဝန်ကြီးဌာန အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ စက်ရုံရှင်းလင်းဆောင်တွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်တို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ်အတွင်း လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်အရ စီမံကိန်း အကောင်အထည်ဖော်ဆောင်မှုများ ရပ်တန့်ထားသည့် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ပြန်လည် စတင်ဆောင်ရွက်ခဲ့မှု၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းဖြစ်ပေါ်လာပုံနှင့် စီမံကိန်း ပြန်လည် လည်ပတ်နိုင်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ တိုးတက်မှုများနှင့် ချို့ယွင်းချက်များ ဖြစ်ပေါ်နေသည့် အစိတ်အပိုင်းများကို ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့မှု၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ စစ်ဆေးရေးအဖွဲ့တို့က စနစ်ကျနမှုရှိစေရေး စစ်ဆေးဆောင်ရွက်ခဲ့မှုနှင့် စီမံကိန်း အကောင်အထည် ဖော်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီတို့က မြန်မာစီးပွားရေး ကော်ပိုရေးရှင်းမှ လုပ်ငန်း ဆောင်ရွက်မှုများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazh-promexport (TPE) မှ Process Engineer များဖြင့် လုပ်ငန်း ဆောင်ရွက်လျက်ရှိမှု၊ အလုပ်ရုံအသီးသီးရှိ စက်ကိရိယာများအား စစ်ဆေးခဲ့မှု၊ ပြုပြင်ရန်လိုအပ်သည်များ၊ အစားထိုး လဲလှယ်ရန်လိုအပ်သည့် စက်ကိရိယာများကို ပြုပြင်ခြင်းများနှင့် မှာယူတပ်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိမှု၊ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းအတွက် လိုအပ်မည့် သံရိုင်းသတ္တုနှင့် စက်မှုကုန်ကြမ်းတွင်းထွက်သတ္တုများ ထုတ်ယူရရှိနိုင်မှုပမာဏနှင့် ခွင့်ပြုပေးထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ဖြည့်ဆည်းပေးနိုင်မည်**

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတည်ဆောက်ရေးတွင် သံမဏိသည် မဖြစ်မနေ လိုအပ်သည့်ပစ္စည်းဖြစ်ပြီး ပြည်တွင်း သံမဏိလိုအပ်ချက် များစွာရှိသဖြင့် သံမဏိထုတ်လုပ်ရေး စီမံကိန်းများအား အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် သံ၊ သံမဏိထုတ်ကုန်များကို ပြည်ပသွင်းကုန်အဖြစ် တင်သွင်းရန် မလိုဘဲ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်း ပေးနိုင်မည်ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ခိုင်မာသည့် ဈေးကွက်ရှိခြင်းတို့ကြောင့် မဖြစ်မနေ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရန် လိုအပ်သည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ယခုစီမံကိန်းကို ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများကြားမှ အကောင်အထည်ဖော်ဆောင်ခဲ့ရခြင်းဖြစ်သော်လည်း စီမံကိန်းအပေါ် နားလည်မှုနှင့် မဟာဗျူဟာမြောက်အမြင်မရှိဘဲ စီမံကိန်းကို ၂၀၁၇ ခုနှစ်တွင် ရပ်ဆိုင်းခဲ့၍ နိုင်ငံတော်အတွက် များစွာ နစ်နာခဲ့ရကြောင်း၊ ခေတ်မီနိုင်ငံတစ်ခု တည်ဆောက်ရေးအတွက် သံမဏိလိုအပ်ချက်သည် မလွဲမသွေ ရှိနေမည်ဖြစ်ကြောင်း။

**ရေရှည်ကိုကြည့်၍ဆောင်ရွက်**

မြေအောက် သယံဇာတများ ထုတ်ယူသုံးစွဲမှုနှင့် ပတ်သက်၍ မြေအောက် သယံဇာတများသည် သစ်တော သစ်ပင်များကဲ့သို့ ပြန်လည်စိုက်ပျိုး၍ ရရှိနိုင်သည် မဟုတ်ဘဲ နှစ်ပေါင်းများစွာ ကြာမြင့်မှသာလျှင် သဘာဝအလျောက် ဖြစ်တည်လာနိုင်သည် ဖြစ်ရာ နိုင်ငံအတွက် အကျိုးရှိသည့် နေရာများတွင်သာ အသုံးချရန်နှင့် ထုတ်ယူသုံးစွဲမှုများကို ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ နိုင်ငံ၏ မြေပေါ် မြေအောက်သယံဇာတများကို စီမံခန့်ခွဲပိုင်ခွင့်သည် နိုင်ငံသူ နိုင်ငံသားတို့၏ လက်ဝယ်တွင်သာ ရှိရမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်း၌သာ ရှိကြောင်းကို မိမိတို့ပြည်တွင်းအားဖြင့် လုပ်ဆောင်နိုင်သည် ဟူသည့်စိတ်နှင့် ယုံကြည်မှုကို တည်ဆောက်နိုင်ရမည် ဖြစ်ပြီး လူသား အရင်းအမြစ်ကောင်းများ ရှိနေပါက မိမိတို့အနေဖြင့် အခြားသူများကို အားကိုးရန်လိုအပ်မည် မဟုတ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်အတွက် ရေရှည်အကျိုးကိုကြည့်၍ လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးကိုလည်း ဝန်ကြီးဌာနများအလိုက် အားပေး ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် လုပ်ငန်းများ အောင်မြင်စေရေး မူဝါဒများကို ချမှတ်ပေးမည်ဖြစ်ပြီး အမှန်တကယ် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်မှာ ဝန်ကြီးဌာနများ၏ တာဝန်သာဖြစ်ကြောင်း၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်မှုများကို ဆောင်ရွက်ရာတွင် စနစ်တကျနှင့် ပီပီပြင်ပြင်ဖြစ်အောင် ဆောင်ရွက်ကြစေလိုပြီး ရေရှည်ကိုကြည့်၍ ဆောင်ရွက်ကြရန် လိုကြောင်း၊ ကမ္ဘာ့ပထမဆုံး သံရည်ကျိုနည်းစဉ် Romelt ကို အသုံးပြုထားသဖြင့် အလုပ်ရုံများ၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ပြုလုပ်နိုင်ရေးနှင့် အလုပ်ရုံများအချင်းချင်း ချိတ်ဆက်၍ ထုတ်လုပ်မှု ဆောင်ရွက်နိုင်ရေး လုပ်ငန်းစဉ်များအလိုက် စနစ်တကျနှင့် အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုနှင့် အရည်အသွေးစစ်ဆေးမှုများကို Third party ဖြင့် စစ်ဆေးမှုများနှင့် မှတ်တမ်းထားရှိမှုများ ပြုလုပ် ထားရှိရန်လိုကြောင်း လမ်းညွှန်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း လှည့်လည်၍ သံသတ္တုရိုင်းပြုပြင်ရေးအလုပ်ရုံ၊ ကုန်ကြမ်း သိုလှောင်ဖြန့်ဖြူးရေးအလုပ်ရုံ၊ စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေး အလုပ်ရုံ၊ သံရည်ကျိုအလုပ်ရုံ၊ သံစိမ်းတုံး ပုံလောင်းအလုပ်ရုံ၊ သံစိမ်းတုံး သိုလှောင်သည့်နေရာ၊ ဖိအားမြင့် လေထုတ်အလုပ်ရုံ တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။


**စာမျက်နှာ ၆ သို့ ❖**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေးပို့ပြောကြားသည့် အဖွင့်အမှာစကား

(၂၀၂၃ ခုနှစ်၊ မတ်လ ၈ ရက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

**❖ အမျိုးသမီးများအနေနဲ့ နည်းပညာလက်လှမ်းမီရရှိပြီး ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်တဲ့ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုတွေကို လက်လှမ်းမီအသုံးပြုနိုင်မယ်ဆိုရင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကို ပိုမိုလုပ်ကိုင်လာနိုင်မှာဖြစ်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများအား မှီခိုမှုကင်းစွာ ဆောင်ရွက်လာနိုင်မှာ ဖြစ်တာကြောင့် မိမိတို့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို နိုင်ငံရဲ့စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို များစွာအကျိုးသက်ရောက်လာစေမှာဖြစ်**

**အားလုံးမင်္ဂလာပါ**

ဒီနေ့ ကျင်းပပြုလုပ်တဲ့ ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ကျော်မျှရှိတဲ့ အမျိုးသမီးများဟာ ကမ္ဘာ့နိုင်ငံအသီးသီးမှာ အဓိကကျတဲ့ အင်အားစုကြီးဖြစ်ပြီး အမျိုးသမီးတွေရဲ့အခွင့်အရေးနဲ့ စွမ်းဆောင်နိုင်မှုတွေကို ပိုမိုအာရုံစိုက်မိလာစေဖို့နဲ့ အမျိုးသမီးတွေရဲ့ အခွင့်အရေးတွေကို အလေးထားအကောင်အထည်ဖော်နိုင်စေဖို့ ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားတွေကို ကမ္ဘာတစ်ဝန်းမှာ နှစ်စဉ်ကျင်းပကြပါတယ်။

**မီးမောင်းထိုးပြ**

ကုလသမဂ္ဂက အမျိုးသမီးများနေ့အခမ်းအနားကျင်းပနိုင်ရေး ဆောင်ပုဒ်များကို နှစ်စဉ်ချမှတ်ပေးလျက်ရှိရာ ယခု ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဆောင်ပုဒ်ကတော့ **"ကျားမတန်းတူညီမျှဖို့ နည်းပညာနဲ့ ဆန်းသစ်စို့" (DigitALL: Innovation and technology for gender equality)** ဖြစ်ပါတယ်။ ဒီဆောင်ပုဒ်ရဲ့ ဆိုလိုချက်ကတော့ စီးပွားရေးနဲ့လူမှုရေးအပေါ် မညီမျှမှုများ ပိုမိုဖြစ်ပွားစေတဲ့ ဒစ်ဂျစ်တယ်နည်းပညာကဏ္ဍမှာ ကျားမကွာဟမှုဆိုင်ရာ သက်ရောက်မှုများကို စူးစမ်းလေ့လာခြင်းဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်ကဏ္ဍမှာ အမျိုးသမီးများနဲ့ မိန်းကလေးငယ်များရဲ့ အခွင့်အရေးတွေကို ကာကွယ်ခြင်းနဲ့ အွန်လိုင်းနဲ့ နည်းပညာဆိုင်ရာ ကျားမအခြေပြု အကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းတို့ရဲ့ အရေးပါမှုကို မီးမောင်းထိုးပြခြင်းပဲ ဖြစ်ပါတယ်။

အမျိုးသမီးများနဲ့ ထိခိုက်လွယ်တဲ့ အုပ်စုများကို နည်းပညာ လက်လှမ်းမီရရှိစေခြင်းဟာ အမျိုးသမီးများရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးခြင်းဖြစ်သလို ကျားမတန်းတူညီမျှမှုကို ပိုမိုမြှင့်တင်ပေးဖို့အတွက် အသိပညာနဲ့ ဆန်းသစ်တီထွင်မှုများကို ပေးနိုင်တဲ့ အလားအလာကောင်းတွေကို ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။ နည်းပညာကဏ္ဍမှာ အမျိုးသမီးများပါဝင်နိုင်မှုမရှိခြင်းဟာ ကုန်ကျစရိတ်ပိုမိုများပြားစေပါတယ်။ UN Women's Gender Snapshot 2022 အစီရင်ခံစာအရ ဒစ်ဂျစ်တယ်ကမ္ဘာကနေ အမျိုးသမီးတွေကို ဖယ်ထုတ်ခြင်းဟာ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်း ဝင်ငွေနိမ့်ကျတဲ့နိုင်ငံများနဲ့ အလယ်အလတ်ဝင်ငွေရှိတဲ့နိုင်ငံများရဲ့ ပြည်တွင်းထုတ်ကုန်စုစုပေါင်းတန်ဖိုးရဲ့ အမေရိကန်ဒေါ်လာ ၁ ထရီလီယံကို ဆုံးရှုံးခဲ့ကြောင်း သိရပါတယ်။ အဲဒီကိစ္စအပေါ် ဘယ်လိုဆောင်ရွက်ချက်မှ လုပ်မပေးနိုင်ဘူးဆိုရင် ၂၀၂၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံအထိ ဆုံးရှုံးသွားမှာဖြစ်ကြောင်း သိရှိရပါတယ်။

ဒီလိုမဖြစ်စေဖို့အတွက် အွန်လိုင်းအကြမ်းဖက်မှုပြဿနာကို ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်မှာဖြစ်ပြီး နိုင်ငံပေါင်း ၅၁ နိုင်ငံရဲ့ လေ့လာမှုတစ်ခုအရ အမျိုးသမီး ၃၈ ရာခိုင်နှုန်းဟာ အွန်လိုင်းအကြမ်းဖက်မှုများကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရကြောင်းနဲ့ ကိုဗစ်-၁၉ ကာလအတွင်း အွန်လိုင်းပေါ်မှာ အချိန်ပိုမိုသုံးစွဲခဲ့တဲ့ အမျိုးသမီးတွေအနေနဲ့ အွန်လိုင်းနဲ့ သတင်းအချက်အလက် နည်းပညာဆိုင်ရာများမှာ အကြမ်းဖက်ခံရမှု တိုးမြင့်လာကြောင်း လေ့လာမှုအစီရင်ခံစာမှာ ဖော်ပြထားတာတွေ့ရှိရပါတယ်။

ဒါပေမဲ့ တစ်ဖက်မှာတော့ ဒစ်ဂျစ်တယ်နည်းပညာ တိုးတက်ပြောင်းလဲလာခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ အခွင့်အလမ်းများဟာ ကျားမဆိုင်ရာ မညီမျှမှုတွေကို ဆက်လက်တည်မြဲစေနိုင်တာကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုအပ်ကြောင်းနဲ့ ဒစ်ဂျစ်တယ်ဆိုင်ရာ ကျားမခွဲခြားမှုရဲ့ရလဒ်အနေနဲ့ အမျိုးသမီးများနောက်ကျ ကျန်ရစ်ခဲ့မှုနဲ့အတူ နည်းပညာ လက်လှမ်းမီရရှိမှုနဲ့ ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှု နယ်ပယ်များမှာ ကျားမရေးရာ မညီမျှမှုများဟာ မြင့်မားလျက်ရှိတာကိုလည်း အဆိုပါလေ့လာမှုစစ်တမ်းမှာ ဖော်ပြထားတာ တွေ့ရှိရတဲ့အတွက် ဒီအချက်တွေကို သတိထားကြဖို့ လိုအပ်ကြောင်းမှာကြားလိုပါတယ်။

ကျားမတန်းတူညီမျှရေးအတွက် နိုင်ငံအလိုက် ဘယ်လိုပဲ အမျိုးသမီးအခွင့်အရေးကို ပြည့်ဝအောင် ဆောင်ရွက်ပေးနေတယ်၊ အမျိုးသမီးတွေဟာ အခွင့်အရေးတွေ တန်းတူညီမျှရနေတယ်ဆိုပေမယ့် နိုင်ငံအလိုက် သတ်မှတ်ထားတဲ့ ယဉ်ကျေးမှုတွေ၊ ကျင့်သုံးနေကြတဲ့ အစဉ်အလာ ရိုးရာဓလေ့ထုံးစံတွေအရ ကျားမတန်းတူညီမျှရေးမှာ လိုအပ်ချက်တွေရှိနေဆဲဖြစ်ပြီး ပြောင်းလဲခြင်းမပြုနိုင်သေးတဲ့ အတားအဆီးတွေလည်း ရှိနေဆဲပဲဖြစ်တယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။

**များစွာအထောက်အပံ့ပြုနေ**

သတင်းအချက်အလက် နည်းပညာခေတ် (Information Age) ကာလဟာ ၁၉၈၀ ပြည့်နှစ်က စခဲ့တာဖြစ်ပြီး ကွန်ပျူတာနည်းပညာနဲ့အတူ သိပ္ပံနဲ့ နည်းပညာနဲ့ သတင်းအချက်အလက်နည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာတာကြောင့် ကဏ္ဍအသီးသီးမှာ များစွာအထောက်အပံ့ပြုနေတာကို တွေ့မြင်နိုင်မှာလည်း ဖြစ်ပါတယ်။ မျက်မှောက်ခေတ်မှာ ဒစ်ဂျစ်တယ်နည်းပညာ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာမှု၊ ကျယ်ပြန့်စွာ ချိတ်ဆက်အသုံးပြုလာမှုတို့ကြောင့် ဒစ်ဂျစ်တယ် နည်းပညာများကနေတစ်ဆင့် သတင်းအချက်အလက်များရရှိခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အလမ်းများရရှိခြင်း၊ အသိပညာဗဟုသုတများ လေ့လာသင်ယူနိုင်ခြင်းစတဲ့အကျိုးကျေးဇူးများစွာ ရရှိနိုင်ပြီး လူတွေရဲ့ နေ့စဉ်ဘဝတွေမှာ များစွာအထောက်အကူ ပြုစေပါတယ်။ ဒီလိုနည်းပညာဆိုင်ရာ အကျိုးကျေးဇူးများကိုရရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ဆီကို ကျားမတန်းတူညီမျှစွာ အရောက်လှမ်းနိုင်ဖို့အတွက် တီထွင်ဆန်းသစ်မှု၊ နည်းပညာနဲ့ ဒစ်ဂျစ်တယ် အသိပညာဆိုင်ရာ ကျားမရေးရာ အလေးထားချဉ်းကပ်မှုနဲ့ မြှင့်တင်ဆောင်ရွက်ဖို့၊ နည်းပညာလက်လှမ်းမီရရှိဖို့၊ နည်းပညာဆိုင်ရာ လေ့ကျင့်သင်ကြားမှုများ ဆောင်ရွက်ပေးဖို့လည်း လိုအပ်ပါတယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနက မကြာသေးမီက ရေးဆွဲထားရှိတဲ့ **"သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု မဟာဗျူဟာစီမံကိန်း(၂၀၂၂-၂၀၂၇)"** ရဲ့ အခန်း(၅) **"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာကဏ္ဍ"** မဏ္ဍိုင်(၁) **"အခွင့်အလမ်းနှင့် လူတိုင်းအကျုံးဝင်မှု"** မှာ ကျားမရေးရာ ထည့်သွင်းဆောင်ရွက်ထားတဲ့ မူဝါဒကို ရေးဆွဲထားတာ တွေ့ရှိရမှာဖြစ်ပါတယ်။ အဆိုပါမဟာဗျူဟာစီမံကိန်းကို နိုင်ငံတော်ရဲ့ မူဝါဒနဲ့အညီ အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း ( National Comprehensive Development Plan-NCDP )နဲ့ ချိတ်ဆက်ရေးဆွဲထားတာ ဖြစ်ပါတယ်။

**သင်တန်းများဖွင့်လှစ်ပေးလျက်ရှိ**

ကျွန်တော်တို့နိုင်ငံမှာ လိုအပ်နေတဲ့ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ဖွံ့ဖြိုးမှုသင်တန်းများနဲ့ နည်းပညာမြှင့်တင်ရေး သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပြီး သင်တန်းသားများခေါ်ယူရာမှာ သတ်မှတ်အရည်အချင်းများနဲ့ ကိုက်ညီပါက ကျားမခွဲခြားမှုမရှိဘဲ တန်းတူညီမျှတဲ့ အခွင့်အရေးရရှိအောင် ဆောင်ရွက်ပေးနေတာကို တွေ့ရမှာဖြစ်ပါတယ်။ နည်းပညာတက္ကသိုလ်တွေနဲ့ ကွန်ပျူတာတက္ကသိုလ်တွေမှာ အမျိုးသမီး တက်ရောက်မှုရာခိုင်နှုန်းဟာ ၂၀၁၆ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်ထိ ၄၀ ရာခိုင်နှုန်းသာ တက်ရောက်ခဲ့ပေမယ့် ၂၀၂၀ ပြည့်နှစ်မှာ ၄၈ ရာခိုင်နှုန်း တက်ရောက်လျက်ရှိကြောင်း သိရှိရပါတယ်။

အမျိုးသမီးများအနေနဲ့ နည်းပညာလက်လှမ်းမီရရှိပြီး ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်တဲ့ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုတွေကို လက်လှမ်းမီ အသုံးပြုနိုင်မယ်ဆိုရင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကို ပိုမိုလုပ်ကိုင်လာနိုင်မှာဖြစ်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများအား မှီခိုမှုကင်းစွာ ဆောင်ရွက်လာနိုင်မှာဖြစ်တာကြောင့် မိမိတို့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို နိုင်ငံရဲ့စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို များစွာအကျိုးသက်ရောက်လာစေမှာ ဖြစ်ပါတယ်။

ဆန်းသစ်တဲ့ နည်းပညာများ တိုးတက်လာခြင်းဟာ ကောင်းကျိုးတွေကို ဖြစ်ပေါ်လာစေသလို တစ်ဖက်မှာလည်း နည်းပညာကိုအသုံးပြုပြီး အမျိုးသမီးများအပေါ် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများ၊ အွန်လိုင်းကနေတစ်ဆင့် နှောင့်ယှက်မှုများ၊ ခြိမ်းခြောက်မှုများ၊ အွန်လိုင်းကနေတစ်ဆင့် အကြမ်းဖက်မှုများနဲ့ ရာဇဝတ်လုပ်ငန်းများ လုပ်ကိုင်ရန် အတင်းအကျပ်ခိုင်းစေမှုတို့လည်း ရှိနေဆဲဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အစီရင်ခံစာအရ မြန်မာနိုင်ငံရှိ အိမ်ထောင်စုများရဲ့ ၈၆ ရာခိုင်နှုန်းခန့်မှာ အနည်းဆုံး လက်ကိုင်ဖုန်းတစ်လုံးပိုင်ဆိုင်ပြီး အင်တာနက်အသုံးပြုမှုနဲ့ပတ်သက်ပြီးတော့လည်း တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများရဲ့ ၅၆ ရာခိုင်နှုန်းဟာ အိမ်မှာ အင်တာနက်အသုံးပြုလျက်ရှိပြီး မြို့ပြမှာ ၇၄ ဒသမ ၇ ရာခိုင်နှုန်းနဲ့ ကျေးလက်မှာ ၄၈ ဒသမ ၈ ရာခိုင်နှုန်း ရှိတာကို တွေ့ရှိရပါတယ်။

စာမျက်နှာ ၆ သို့ ○

○ စာမျက်နှာ ၅ မှ

၂၀၁၉ ခုနှစ်ရဲ့ နောက်ပိုင်းကာလတွေမှာ ဒီရာခိုင်နှုန်းထက် ပိုမိုများလာနိုင်မယ်လို့ ခန့်မှန်းရနိုင်ပါတယ်။ ယနေ့ခေတ်မှာ ကျောင်းနေတဲ့အရွယ်ကစပြီး ကလေးတိုင်းဟာ လက်ကိုင်ဖုန်းကို ကိုင်တွယ်ရင်းနှီးနေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ကလေး၊ လူငယ်၊ အမျိုးသမီးငယ်ရွယ်အများစုဟာ လက်ကိုင်ဖုန်းအသုံးပြုကြရာမှာ ကောင်းမွန်တဲ့အကျိုးရလဒ်ရနိုင်တာရှိသလို သုံးတဲ့နည်းလမ်းမှားရင်လည်း အန္တရာယ်ရှိပြီး အကျိုးကျေးဇူး မရှိနိုင်တာကို သတိထားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ဖုန်းအသုံးပြုခြင်းကနေတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာဗဟုသုတများကို ရှာဖွေရာမှာ လမ်းကြောင်းမမှားစေရေး သင်ကြားပေးဖို့ မိဘ၊ ဆရာများနဲ့ အုပ်ထိန်းသူ လူကြီးသူမများမှာ တာဝန်ရှိသလို သတင်းမီဒီယာများကနေတစ်ဆင့် အသိပညာပေးမှုများကိုလည်း ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒါမှသာ နိုင်ငံအတွက် မှန်ကန်တဲ့လူ့စွမ်းအားအရင်းအမြစ်ပေါ်ထွက်လာပြီး ပိုမိုပြည့်စုံကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

အာဆီယံဒေသတွင်းမှာလည်း အင်တာနက်ကနေတစ်ဆင့် မိန်းကလေးငယ်များအပါအဝင် ကလေးသူငယ်များအပေါ် နည်းမျိုးစုံနဲ့ အမြတ်ထုတ်မှု၊ အလွဲသုံးမှုတို့မှ ကာကွယ်စောင့်ရှောက်ရေး အာဆီယံဒေသလုံးဆိုင်ရာ လုပ်ငန်းစီမံချက်ကို ရေးဆွဲထားပြီးဖြစ်ပါတယ်။

အမျိုးသမီးတွေအနေနဲ့ အခွင့်အရေးများကို တန်းတူရရှိနိုင်စေရန်နဲ့ ခွဲခြားဆက်ဆံမှုများ ပပျောက်စေဖို့အတွက် နိုင်ငံတကာမှာချမှတ်ထားတဲ့ ကွန်ဗင်းရှင်းတွေကို ကြည့်မယ်ဆိုရင်လည်း ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ(၁၈)ရက်နေ့မှာ ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုခဲ့တဲ့ **"အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း"(Convention on the Elimination of All forms of Discrimination Against Women–CEDAW)**မှာ အမျိုးသမီးတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကိုလည်း ပြဋ္ဌာန်းထားရှိပြီး နိုင်ငံတစ်နိုင်ငံရဲ့ ပြီးပြည့်စုံတဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ကမ္ဘာကြီးတစ်ခုလုံး သာယာဝပြောရေးနဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်ပေးတဲ့ အကြောင်းတရားများ ရရှိဖို့အတွက် နယ်ပယ်အားလုံးမှာ အမျိုးသားများနဲ့တန်းတူ အမျိုးသမီးများရဲ့ပါဝင်မှုကို တိုးမြှင့်နိုင်သလောက် တိုးမြှင့်ပေးဖို့လိုအပ်ကြောင်း ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။

မြန်မာနိုင်ငံက ၁၉၉၇ ခုနှစ်မှာ **"အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း"**ကို အတည်ပြု လက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံဖြစ်တာနဲ့အညီ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်တွေကို အလေးအနက်ထား အကောင်အထည်ဖော်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း အစီရင်ခံစာအရ အိမ်ထောင်စုလူဦးရေ ၅၄ ဒသမ ၉ သန်းမှာ အမျိုးသား ၄၆ ဒသမ ၈ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၃ ဒသမ ၂ ရာခိုင်နှုန်း ပါဝင်ပါတယ်။ ဒီကိန်းဂဏန်းအရ အမျိုးသမီးများ ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အလေးပေးဆောင်ရွက်ခြင်းဖြင့် နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးသက်ရောက်စေမှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အနေနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီနဲ့ ဒေသဆိုင်ရာ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး အမျိုးသမီးများ အထူးသဖြင့် အမျိုးသမီးငယ်ရွယ်များရဲ့ လူမှုစီးပွားဘဝ အခြေအနေမြင့်မားရေးမှာ အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကဏ္ဍစုံမှာ အမျိုးသမီးများနဲ့ အမျိုးသားတန်းတူ ပါဝင်ခွင့်ရရှိရေးနဲ့ အမျိုးသမီးကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကဏ္ဍပေါင်းစုံပါဝင်တဲ့ **"အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း"** (၂၀၁၃–၂၀၂၂)ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းဟာ ၂၀၂၂ ခုနှစ်မှာ သက်တမ်း ကုန်ဆုံးခဲ့ပြီဖြစ်တာကြောင့် (၂၀၂၃–၂၀၃၂)မဟာဗျူဟာစီမံကိန်းအသစ် ရေးဆွဲရေးအတွက် ဦးဆောင်ကော်မတီနဲ့ လုပ်ငန်းကော်မတီ(၁၂)ရပ် ဖွဲ့စည်းပြီး စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ မဟာဗျူဟာစီမံကိန်း အသစ်ရေးဆွဲရာမှာ ပြောင်းလဲတိုးတက်လာတဲ့ ခေတ်မီနည်းပညာများကိုအခြေခံပြီး ကဏ္ဍစုံ၊ နယ်ပယ်စုံမှာ ကျားမတန်းတူညီမျှရေး၊ အမျိုးသမီးများစွမ်းပကား မြင့်မားစေရေး၊ ကျေးလက်၊ မြို့ပြကွာဟမှုမရှိစေရေးတို့ကို အလေးထားဦးတည်ပြီး ကောင်းမွန်ပြည့်စုံတဲ့ မဟာဗျူဟာစီမံကိန်းတစ်ခုဖြစ်ရေး၊ ဝန်ကြီးဌာန/ အဖွဲ့အစည်းအသီးသီးက ရေးဆွဲထားတဲ့ စီမံကိန်းများနဲ့ ချိတ်ဆက်ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် မိမိတို့နဲ့သက်ဆိုင်တဲ့ လုပ်ငန်းကော်မတီများအလိုက် တက်တက်ကြွကြွနဲ့ ဦးဆောင်ပါဝင်ဆောင်ရွက်ပေးဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် မိသားစု၊ လူ့အဖွဲ့အစည်း၊ နိုင်ငံနဲ့လူမျိုး အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းစဉ်တွေမှာ အမျိုးသားများနဲ့ တန်းတူရင်ပေါင်တန်းပါဝင်ခဲ့တဲ့ အမျိုးသမီးများရဲ့ စွမ်းဆောင်နိုင်မှုတွေကို ဂုဏ်ယူလျက် လေးစားအသိအမှတ်ပြုပါကြောင်း ပြောကြားလိုပါတယ်။

အမျိုးသမီးများနဲ့ မိန်းကလေးငယ်တွေအနေနဲ့ အစဉ်အလာအရ တွေကြုံနေရတဲ့ အခက်အခဲအတားအဆီးတွေ၊ တွေ့ကြုံရတဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့အတွက် လိုအပ်နေတဲ့ မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေအသစ်တွေ ရေးဆွဲဖို့လိုအပ်သလို တည်ဆဲဥပဒေများအနေနဲ့ အမျိုးသမီးများနဲ့ အမျိုးသမီးငယ်ရွယ်များအတွက် ဥပဒေအရ ပိုမိုထိရောက်စွာ ကာကွယ်ပေးရန် လိုအပ်ချက်တွေရှိတယ်ဆိုရင်လည်း လက်ရှိအခြေအနေနဲ့ ကိုက်ညီအောင် ပြင်ဆင်မှုတွေကိုလည်း ဆောင်ရွက်သွားကြဖို့ ပြောကြားလိုပါတယ်။

**❖ ဒီနေ့ခေတ်ဟာ အသိပညာအခြေပြုတဲ့ခေတ်ဖြစ်သလို နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အသိပညာကြွယ်ဝတဲ့ လူသားအရင်းအမြစ်များရဲ့ အခန်းကဏ္ဍဟာလည်း အဓိကကျပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံလူဦးရေရဲ့ ထက်ဝက်ကျော်ကို ကိုယ်စားပြုတဲ့ အမျိုးသမီးများဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စု တည်ဆောက်ရေးမှာ အရေးပါတဲ့ အင်အားစုတစ်ရပ်ဖြစ်ပြီး နိုင်ငံအတွက် အလွန်အဖိုးတန်တဲ့၊ အားကောင်းတဲ့ လူသားအရင်းအမြစ်တွေဖြစ်**

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ဒီနေ့ခေတ်ဟာ အသိပညာ အခြေပြုတဲ့ခေတ်ဖြစ်သလို နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် အသိပညာကြွယ်ဝတဲ့ လူသားအရင်းအမြစ်များရဲ့ အခန်းကဏ္ဍဟာလည်း အဓိကကျပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံလူဦးရေရဲ့ ထက်ဝက်ကျော်ကို ကိုယ်စားပြုတဲ့ အမျိုးသမီးများဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးမှာ အရေးပါတဲ့ အင်အားစုတစ်ရပ်ဖြစ်ပြီး နိုင်ငံအတွက်အလွန်အဖိုးတန်တဲ့၊ အားကောင်းတဲ့ လူသားအရင်းအမြစ်တွေ ဖြစ်ကြပါတယ်။

အမျိုးသမီးအများစုဟာ သားသမီးများရဲ့ မိခင်များဖြစ်ကြသလို ကျောင်းသား ကျောင်းသူများရဲ့ လက်ဦးဆရာများလည်း ဖြစ်ကြတဲ့အတွက် နိုင်ငံရဲ့ အနာဂတ်လူငယ်များပြုစုပျိုးထောင်ရေးမှာ အလွန်အရေးပါသူများ၊ အဓိကကျသူများဖြစ်ကြပါတယ်။ ဒီလိုအဖိုးတန်တဲ့ လူသားအရင်းအမြစ်တွေကို ကျေးလက်မြို့ပြ ကွာဟချက်နည်းပြီး ကဏ္ဍစုံမှာ အမျိုးသမီးများနဲ့ မိန်းကလေးငယ်တို့ရဲ့ စွမ်းရည်ကို အသုံးချနိုင်ဖို့နဲ့ ယခုနှစ်အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ရဲ့ **"ကျားမ တန်းတူညီမျှဖို့ နည်းပညာနဲ့ ဆန်းသစ်စို့"** ဆောင်ပုဒ်နဲ့အညီ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်တဲ့ အနာဂတ်တစ်ခု ရရှိဖို့ တီထွင်ဆန်းသစ်တဲ့ နည်းပညာများနဲ့အတူ **အမျိုးသမီးများအားလုံးအနေဖြင့် အမျိုးသားများနှင့် တန်းတူ** အကျိုးဝင်ပါဝင်ခွင့်ရရှိရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးကိုကျေးဇူးတင်ပါတယ်။**

☆ ကျောဖုံးမှ

စိစစ်ဆောင်ရွက်မှုများပြုလုပ်ရန် လိုအပ်သည့် အခြေအနေများ၊ ကိုဗစ်–၁၉ ရောဂါကြောင့် ယာယီရပ်ဆိုင်းထားသည့် အကျဉ်းကျခံနေရသူများနှင့် အကျဉ်းကျခံနေရသူများ၏ မိသားစုဝင်များ တွေ့ဆုံခွင့် ပြန်လည်ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာသက်သက်ခိုင်နှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်းတို့ တက်ရောက်ကြပြီးအပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ညွှန်ကြားရေးမှူးနှင့်အတူ ICRC Regional Director for Asia and the Pacific , Ms.Christine Cipolla၊ ICRC Resident Representative, Ms. Elean Ajmone Sessera တို့လည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Martin Schuepp အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

❖ စာမျက်နှာ ၄ မှ

အဆိုပါ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်စီမံကိန်းကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhprom–export (TPE) နှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့ ပူးပေါင်း၍ ၂၀၀၆ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စက်မှုဝန်ကြီးဌာနသို့ လွှဲပြောင်း၍ ဆက်လက်အကောင်အထည်ဖော်ခဲ့သည်။ စီမံကိန်းတည်ဆောက်မှုလုပ်ငန်းများကို ၂၀၁၇ ခုနှစ် မတ် ၁၅ ရက်တွင် ယာယီရပ်ဆိုင်းခဲ့ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် ပြည်တွင်းသံမဏိ လိုအပ်ချက်များစွာရှိသဖြင့် သံမဏိထုတ်လုပ်ရေး စီမံကိန်းများအား အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း လမ်းညွှန်မှာကြားချက်များအရ အောက်တိုဘာ ၄ ရက်တွင် ပြန်လည်စတင်ခဲ့ခြင်းဖြစ်ကာ လက်ရှိအချိန်အထိ စီမံကိန်းရှိ အလုပ်ရုံ ၂၂ ရုံအနက် ၁၉ ရုံကို ဝန်မပါစမ်းသပ် လည်ပတ်နိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် စီမံကိန်းအကောင်အထည်ဖော်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသော ဒေါ်ခင်သက်ဌေးနှင့် ဒေါ်သန်းသန်းနွယ်တို့ တက်ရောက်လာကြသူများနှင့်အတူ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် မတ် ၈**

၂၀၂၃ ခုနှစ် မတ် ၈ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ဖြင့် အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသော ဒေါ်ခင်သက်ဌေးနှင့် ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၏ဇနီး ဒေါ်ဥမ္မာမြင့်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် အဖွဲ့ဝင်များ၏ဇနီးများ၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ဇနီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ဒုတိယစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့်ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး မြန်မာနိုင်ငံ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခဲ့သည့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ထံ အမျိုးသမီးကဏ္ဍ ထူးချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။

ရှေးဦးစွာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ဖြင့် အဖွင့်အမှာစကားပြောကြားသည်။ **(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အဖွင့်အမှာစကားကို စာမျက်နှာ-၅ တွင် သီးခြားဖော်ပြထားပါသည်။)**

### ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများ အခွင့်အရေးမြှင့်တင် ဖော်ဆောင်မှုနှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့လာသည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခဲ့သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ထံ အမျိုးသမီးကဏ္ဍ ထူးချွန်ဆုများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်က မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းနှင့်အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ထံ အမျိုးသမီးကဏ္ဍ ထူးချွန်ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က လူမှုဝန်ထမ်းဦးစီးဌာနက ရေးဆွဲပြုစုထားသည့် အကြမ်းဖက်ခံရသူအမျိုးသမီးများအတွက် လုံခြုံမှုပေးနိုင်သော ယာယီနားခိုရာစင်တာ စီမံခန့်ခွဲမှုလုပ်ငန်း လမ်းညွှန်စာအုပ်ကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုယ်စား ပြည်ထောင်စုနယ်မြေ နေပြည်တော်အမျိုးသမီးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ထံ ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်နာယကများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့ဝင်များ၏ဇနီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**




မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသော ဒေါ်ခင်သက်ဌေးနှင့် ဒေါ်သန်းသန်းနွယ်တို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၏ မိသားစုဝင် သား၊ သမီးများ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၈

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့၊ ဦးစီးဌာနများမှ ဝန်ထမ်းများ၏ မိသားစုဝင် သား၊ သမီးများ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့်ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ ဆရာမများနှင့် သင်တန်းတက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ပေးရခြင်းမှာ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ ဝန်ထမ်းများ၏ မိသားစုဝင် သား၊ သမီးများ ယဉ်ကျေးလိမ္မာပြီး အကျင့်စာရိတ္တမဏ္ဍိုင် မြင့်မားကာ အမျိုးဘာသာ သာသနာကို ချစ်မြတ်နိုးသည့် လူတော်၊ လူကောင်းများ ဖြစ်ပေါ်လာစေရန်၊ ရတနာသုံးပါးကို ရိုသေကိုင်းရှိုင်းတတ်စေရန်နှင့် အခြေခံကိုယ်ကျင့်တရားကောင်းများ သိရှိလိုက်နာကျင့်သုံးတတ်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း မှာကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး ဦးဆောင်အဖွဲ့ဝင်များသည် သင်တန်းတက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။




အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ ဝန်ထမ်းများ၏ မိသားစုဝင် သား၊ သမီး၊ ကျောင်းသား ကျောင်းသူများအနက် Grade(2) မှ Grade(12) အထိ စုစုပေါင်း ၄၆၉ ဦးကို တန်းခွဲ လေးခုခွဲ၍ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ မတ် ၈ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





နေပြည်တော် မတ် ၈

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၃) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကြီးကြပ်မှုဗဟိုကော်မတီဝင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ကြီးကြပ်မှုဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကြီးကြပ်မှုဗဟိုကော်မတီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကော်မတီဝင်ကိုယ်စားလှယ်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ကောက်ယူပြီးစီးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းများကိုလည်း ရုံးလက်ခံအိမ်ထောင်စု၊ နိုင်-၄ မှတ်တမ်းနှင့် အခြားအထောက်အထားများဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ စိစစ်အတည်ပြုခြင်းများ ပြုလုပ်ပြီး e-ID Server အတွင်း ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ မှတ်ချက်ရေးသွင်းခြင်းများကို သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများက လိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရကြောင်းနှင့် ယင်းလုပ်ငန်းစဉ်ကိုလည်း သတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ကြပ်မတ်ဆောင်ရွက်ပေးကြရန်လိုကြောင်း။

အလားတူ လာမည့်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးရရှိစေရေးအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ယခုဆောင်ရွက်လျက်ရှိသည့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းများတွင် နိုင်ငံသားကတ်မရှိသူများ၊ အိမ်ထောင်စုစာရင်း ပုံစံအလွတ်ဖြင့် ကောက်ယူထားသည့် ယာယီနေထိုင်သူများအနက် အသက်(၁၆)နှစ်နှင့်အထက်ရှိသူများ၏ နိုင်ငံသားကတ်အပါအဝင် ကိုင်ဆောင်ကတ်ပြားမရှိသေးသူများကို သက်ဆိုင်ရာ လဝကမြို့နယ် ဦးစီးမှူးရုံးများတွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုစာရင်းနှင့် ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးခြင်းကို ဆက်လက်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ယခင်အစည်းအဝေးတွင် မဲပေးရန် အသက်ပြည့်မီသည့် မဲပေးပိုင်ခွင့်ရှိသူ လူဦးရေစာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ၂၀၂၃ ခုနှစ်မတ်လအတွင်း ပေးပို့ရန် လျာထားခဲ့သော်လည်း နယ်မြေဒေသအခြေအနေအရ မပြီးပြတ်သေးသည့် လုပ်ငန်းများနှင့် စာရင်းဇယားများ စိစစ်ဖြည့်သွင်းဆောင်ရွက်ရန် ကျန်ရှိနေသည့်အတွက် လုပ်ငန်းဆိုင်ရာအခက်အခဲများရှိပါက ဆွေးနွေးပေးကြစေလိုကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရန် ကျန်ရှိနေသည့် နယ်မြေဒေသများကိုလည်း ရနိုင်သမျှသော နည်းလမ်းမျိုးစုံအသုံးပြု၍ အကြားအလပ်မရှိအောင် ဆက်လက်ကောက်ယူ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ တိကျမှန်ကန်သော လူဦးရေစာရင်းကို ရရှိမည်ဖြစ်ပြီး မဲပေးပိုင်ခွင့်ရှိသူစာရင်းကို မှန်မှန်ကန်ကန် ပြုစုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကြီးကြပ်မှုဗဟိုကော်မတီဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကော်မတီဝင်ကိုယ်စားလှယ်များက ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရန် ကျန်ရှိနေသည့်ဒေသများနှင့် ဆက်လက်ကွင်းဆင်းကောက်ယူသွားမည့် အစီအစဉ်များ၊ ကောက်ယူပြီးစာရင်းများကို လဝကမြို့နယ်ဦးစီးမှူးရုံးများတွင် e-ID Software ဖြင့် အချက်အလက်များ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်းလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေနှင့် ဗဟိုကော်မတီမှ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကိုလည်းကောင်း၊ ကြီးကြပ်မှုဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ဌာနအလိုက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# လသာမြို့နယ်၌ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

လသာ မတ် ၈

အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ကျင်းပချိန်အတွင်း ဓာတ်အားမပြတ်တောက်စေရေးနှင့် ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်ရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် ရွှေတိဂုံဘုရားလမ်းတစ်လျှောက်ရှိ 6.6kV စစ်သမိုင်း-ဗိုလ်ချုပ်ဈေး ဖီဒါ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို မတ် ၇ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းအင်အား ခုနစ်ဦး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဝန်ထမ်း ၂၀ တို့က အမှိုက်သိမ်းယာဉ်နှစ်စီးတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း သိကောင်းစရာသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၈

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (MIAC) မှ ကြီးမှူးဖွင့်လှစ်သော ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းသိကောင်းစရာ သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် MIAC(ဗဟို)သင်တန်းခန်းမ၌ မတ် ၇ ရက် ညနေ ၃ နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားတွင် MIAC (ဗဟို) ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းသားများ၏ မေးမြန်းချက်များကိုသင်တန်းတာဝန်ခံ ဆရာကြီး ဦးကျူးခေါင်နှင့် နည်းပြဆရာကြီး၊ ဆရာမကြီးများက ဖြေကြားခဲ့သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများသို့ နည်းပြဆရာကြီး၊ ဆရာမကြီးများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(လျှပ်စစ်)**

# အသေးစားငွေရေးကြေးရေးလုပ်ငန်းများ စည်းစနစ်ကျနစွာဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လို

**နေပြည်တော် မတ် ၈**

အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ (၁/၂၀၂၃) အစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဝင်များ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ၊ မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရည်ရွယ်ဆောင်ရွက်**

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍကို ၂၀၁၁ ခုနှစ်တွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပြဋ္ဌာန်း၍ စတင်ဆောင်ရွက်ခဲ့ပြီး ဝင်ငွေနည်းပြည်သူများနှင့် MSME များအတွက် ကောင်းမွန်သောငွေကြေးဝန်ဆောင်မှုရရှိစေခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို ထိရောက်သောအထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်မှစ၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါစတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ်မှစ၍ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် အနည်းငယ်ကျဆင်းခဲ့သော်လည်း ငွေကြေးဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများမှာ ရပ်တန့်မှုမရှိဘဲ လည်ပတ်ဆောင်ရွက်နိုင်သည့်အခြေအနေရှိခဲ့ကြောင်း၊ ကြီးကြပ်မှုကော်မတီအနေဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများရှိ အသင်းဝင်များ၏ လူမှုစီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တုံ့နှေးကျဆင်းခဲ့ပြီး အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများရှိအသင်းဝင်များ၏ ချေးငွေပြန်လည်ပေးဆပ်မှု နောက်ကျခြင်းများကြောင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအား ထိခိုက်မှုလျော့နည်းသက်သာစေရန် ချေးငွေဆုံးရှုံးမှုလျာထားချက်ကို ဖြေလျှော့သတ်မှတ်ပေးရန်ကိစ္စနှင့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများရှိ အသင်းဝင်များ၏ဆန္ဒအလျောက် စုဆောင်းငွေ တိုးမြှင့်ခွင့်ပြုရေးအတွက် ညွှန်ကြားချက်ထုတ်ပြန်ရန်ကိစ္စတို့အား တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍ၏လက်ရှိလုပ်ငန်းဆောင်ရွက်မှု၊ INGO ၊ NGO အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ ကုမ္ပဏီအဖြစ်ပြောင်းလဲဖွဲ့စည်းမှု၊ အသင်းသားတစ်ဦးချင်း အများဆုံး စုဆောင်းနိုင်သည့် ဆန္ဒအလျောက် စုဆောင်းငွေပမာဏသတ်မှတ်ရေး ညွှန်ကြားချက်ထုတ်ပြန်ရန် ဆောင်ရွက်မှု၊ ချေးငွေအတန်းအစားခွဲခြားခြင်းနှင့် ချေးငွေဆုံးရှုံးမှုလျာထားခြင်းနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်ထုတ်ပြန်ရန်ဆောင်ရွက်မှုအပါအဝင် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ အတည်ပြုဆုံးဖြတ်ရန်ကိစ္စများနှင့် မှတ်တမ်းတင်ရန်ကိစ္စများကို ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်းမှ တာဝန်ရှိသူများက ချေးငွေရယူရာတွင် တွေ့ကြုံနေရသည့် အခက်အခဲ၊ အသင်းသားများသို့ ချေးငွေထုတ်ချေးမှုနှင့် ပြန်လည်ကောက်ခံမှု၊ အသင်းဝင်များ၏အချက်အလက်များကို အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ အချင်းချင်း ဖလှယ်ရေးအခြေအနေများကို ကော်မတီအစည်းအဝေးသို့ ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အရေးပါပြီး ဝင်ငွေနည်းပြည်သူများနှင့် MSME များအတွက် အဓိကငွေကြေး ဝန်ဆောင်မှုပေးနေသည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းများအနေဖြင့် စနစ်တကျဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ငွေကြေးဝန်ဆောင်မှုမှတစ်ဆင့် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏လူမှုစီးပွားဘဝတိုးတက်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ စည်းစနစ်ကျနစွာဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီလအထိ အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီစုစုပေါင်း ၁၈၁ ဖွဲ့တို့မှ တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၊ မြို့နယ်ပေါင်း ၂၆၆ မြို့နယ်၊ ရပ်ကွက် ၂၃၀၂ ရပ်ကွက်၊ ကျေးရွာပေါင်း ၂၇၆၆၁ ရွာရှိ အသင်းဝင်ဦးရေ ၄ ဒသမ ၉၇၂ သန်းကို ငွေကြေးဝန်ဆောင်မှုများ ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၈**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃)ကို ယနေ့ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာဌာနကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ချေးငွေ ပြန်လည်ပေးဆပ်ရေးဆိုင်ရာကိစ္စများအတွက် လုပ်ငန်းကော်မတီက ညှိနှိုင်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ချေးငွေ ပြန်လည်ပေးဆပ်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား ချေးငွေသက်တမ်း စေ့ရောက်သည့်နေ့မှစ၍နောက်ထပ်တစ်နှစ် ထပ်မံတိုးမြှင့်ပေးခဲ့သည့် အခြေအနေ၊ ချေးငွေသက်တမ်း သုံးနှစ်ပြည့်ပြီး ကုမ္ပဏီ/ လုပ်ငန်းများမှ ချေးငွေများ ပြန်လည်ကောက်ခံရေးအစီအစဉ်၊ အရင်းကောက်ခံ ရရှိငွေများကို နိုင်ငံတော်၏ လှည့်ပတ်ရန်ပုံငွေသို့ ပြန်လည်ထည့်သွင်းရေးအခြေအနေနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း တစ်နှစ် ထပ်မံတိုးမြှင့်ပေးမည့်အခြေအနေများကို ဆွေးနွေးသည်။



ဆက်လက်၍လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ချေးငွေစိစစ်ကြပ်မတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်နယ်/ တိုင်းဒေသကြီးအလိုက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ/ လုပ်ငန်းများအား Success Story စစ်တမ်း ကောက်ခံခဲ့သည့် အခြေအနေများ၊ အတိုးအရင်းကောက်ခံရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

အစည်းအဝေးတက်ရောက်လာကြသူများက ကိုဗစ်-၁၉ ကြောင့် စီးပွားရေးသက်ရောက်မှုများ ကုစားရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍသို့ ထုတ်ပေးထားသည့်ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း တစ်နှစ် ထပ်မံတိုးမြှင့်ပေးမည့်ကိစ္စကို အတည်ပြု ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံသံရုံးများမှ သံရုံးအကြီးအကဲများ၊ AHA Center တို့မှ ကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုများကို သွားရောက်လေ့လာ

**စစ်တွေ မတ် ၈**

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံရုံးများမှ သံရုံးအကြီးအကဲများ၊ သံတမန်များ၊ အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Center) မှ ကိုယ်စားလှယ်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိကြသည်။



**ရှင်းလင်းဆွေးနွေး**

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ခရီးစဉ်တွင် လိုက်ပါလာသည့် သံတမန်လေ့လာရေးအဖွဲ့မှ ကိုယ်စားလှယ်များကို ပြည်နယ်အစိုးရအဖွဲ့ ဧည့်ဂေဟာ၌ တွေ့ဆုံ၍ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရှင်းလင်းရာတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အဖွင့်အမှာစကားပြောကြားပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ Pilot Project အရ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအခြေအနေနှင့် ပြည်နယ်အတွင်းရှိ IDP စခန်းများအတွက် ပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြပြီး မောင်တောမြို့နယ် ငါးခူရ ပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိကြရာ စခန်းတာဝန်ခံက စခန်းအတွင်း ပြန်လည်လက်ခံနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပြန်လည်လက်ခံရေးဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ စခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မောင်တောမြို့နယ် ငါးခူရ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ ကျောင်းသင်ခန်းစာများကို အဆင်ပြေချောမွေ့စွာ သင်ကြားနိုင်ရန်အတွက် တစ်ပတ်လျှင် နှစ်ရက်နှုန်းဖြင့် ကျောင်းသင်ခန်းစာများ သင်ကြားပို့ချနေမှုနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လူမှုဘဝရပ်တည်နိုင်ရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းနှင့် ဇာထိုးချည်ထိုးသင်တန်းတွင် သင်ကြားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ငါးခူရ ပြန်လည်လက်ခံရေးစခန်းမှ ဆက်လက်ထွက်ခွာကြရာ လှဖိုးခေါင်ယာယီနေရာချထားရေးစခန်းသို့ရောက်ရှိကြပြီး စခန်းအတွင်း ပြန်လည်လက်ခံရေးဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လိုက်လံကြည့်ရှုကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေမြို့ရှိ သဲချောင်းဈေး၊ ဒါးပိုင် IDP စခန်းနှင့် သက္ကေပြင် IDP စခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၃) အကြိုလှုပ်ရှားမှုအစီအစဉ်အဖြစ် မျက်စိရောဂါလူနာများအား ခွဲစိတ်ကုသမှုဆောင်ရွက်

**နေပြည်တော် မတ် ၈**

မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ(၂၀၂၃)ကို မတ် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါ နှီးနှောဖလှယ်ပွဲ၏ အကြိုလှုပ်ရှားမှုအစီအစဉ်အဖြစ် မျက်စိအတွင်းတိမ်လူနာများအား စမ်းသပ်စစ်ဆေးပေးခြင်းနှင့် မျက်စိအတွင်းတိမ်အခမဲ့ခွဲစိတ်ကုသမှုပေးခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပြည်သူ့ဆေးရုံကြီး၌ မတ် ၆ ရက်နှင့် ၇ ရက်တို့တွင် ဆောင်ရွက်ပေးခဲ့သည်။

**ခွဲစိတ်ကုသမှုများဆောင်ရွက်**

မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)၏ အကြိုလှုပ်ရှားမှုများအဖြစ် မြန်မာနိုင်ငံဒေသအနှံ့အပြား၌ မျက်စိအတွင်းတိမ်ခွဲစိတ်ကုသမှုများကို ဆောင်ရွက်ပေးခဲ့သည်။ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၌ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး၊ ပျဉ်းမနားမြို့ ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)၊ ရန်ကုန်မြို့တွင် မျက်စိရောဂါအထူးကုဆေးရုံကြီး (ရန်ကုန်)၊ မန္တလေးမြို့တွင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီးနှင့် စဥ့်ကိုင် မျက်စိအထူးကုဆေးရုံ၊ ကရင်ပြည်နယ် ဘားအံမြို့ ပြည်သူ့ဆေးရုံကြီး၊ မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီး၊ ရှမ်းပြည်နယ်တွင် စဝ်စံထွန်း ပြည်သူ့ဆေးရုံကြီး၊ ပဲခူးတိုင်းဒေသကြီးတွင် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးနှင့် ပြည်မြို့ ပြည်သူ့ဆေးရုံကြီး၊ မကွေးတိုင်းဒေသကြီးတွင် မင်းဘူးမြို့ ပြည်သူ့ဆေးရုံကြီး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီးတို့၌ စုစုပေါင်း မျက်စိ အတွင်းတိမ်လူနာ ၈၆၆ ဦးကို အခမဲ့ ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ကို မတ် ၇ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ် (၃၁) အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၇၉)ကြိမ်မြောက် သွေးလှူဒါန်း

**နေပြည်တော် မတ် ၈**

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁) တပ်မတော်ထောက်ပံ့နှင့် ပို့ဆောင်ရေးကျောင်း ( တောင်ငူ) မှ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးအောင်ကျော်ဦးသည် အမှတ်(၃) စစ်မြေပြင်ဆေးတပ်ရင်း (တောင်ငူ)၌ ယနေ့တွင် (၇၉)ကြိမ်မြောက် ဒါနဥပပါရမီ ဇီဝိတဒါန သွေးလှူဒါန်းခဲ့ကြောင်းနှင့် ထို့အပြင် ကေတုမတီမြို့သစ် မြို့ဦးကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ အပါအဝင် သံဃာတော်သုံးပါးနှင့် အရာရှိစစ်သည် မိသားစုဝင် ၈၇ ဦးတို့ကလည်း ပါဝင်သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ရန်ပုံငွေမှ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း (၁) နှစ် ထပ်မံတိုးမြှင့်ပေးကြောင်း အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်
ကုစားရေးလုပ်ငန်းကော်မတီ
သတင်းထုတ်ပြန်ချက် ( ၁ / ၂၀၂၃)
၂၀၂၃ ခုနှစ်၊ မတ်လ ၈ ရက်

**ကိုဗစ်-၁၉ ရန်ပုံငွေမှ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍသို့ ထုတ်ပေးထားသည့်ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း (၁) နှစ် ထပ်မံတိုးမြှင့်ပေးကြောင်း အသိပေးကြေညာခြင်း**

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ တာဝန်များအနက် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေး ထိခိုက်မှုများကို ပြန်လည်ကုစားနိုင်ရေးအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍမှ ထိခိုက်မှုအများဆုံးဖြစ်သည့် လုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း တစ်နှစ် (အတိုးနှုန်း ၁ %) သတ်မှတ်ပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့မှစတင်၍ ချေးငွေများ ခွင့်ပြုထုတ်ချေးပေးခဲ့ပါသည်။

၂။ မြန်မာ့စီးပွားရေးဘဏ်က ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့ထိ ကုမ္ပဏီ/ လုပ်ငန်း စုစုပေါင်း ၈၇၉ ခု၊ ချေးငွေပမာဏ ကျပ် ၁၃.၁၃၂၅ ဘီလီယံအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ပေးခြင်းကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသဖြင့် အစောဆုံးထုတ်ပေးခဲ့သည့် ချေးငွေရရှိသူများသည် ချေးငွေသက်တမ်းကာလ ပြည့်မြောက်ပြီး ပြန်လည်ပေးဆပ်ရမည့်ကာလ စေ့ရောက်ခဲ့ပြီး ဖြစ်ပါသည်။

၃။ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုများ ထပ်မံ ရှိနေပြီး ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ ငွေကြေးလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ချေးငွေပြန်လည်ပေးဆပ်ရမည့် ကာလကို ချေးငွေပြန်လည်ပေးဆပ်ရန် ကာလစေ့ရောက်သည့် နေ့မှစ၍ နောက်ထပ် (၁) နှစ် သက်တမ်း တိုးမြှင့်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခဲ့ပါသည်။

၄။ သို့ပါ၍ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်း နှင့် မီဒီယာကဏ္ဍမှ ကုမ္ပဏီ/ လုပ်ငန်း ၈၇၉ ခု အနေဖြင့် အောက်ပါအခြေအနေများဖြင့် ကိုက်ညီသူများအား ချေးငွေပြန်ဆပ်ရန်ကာလကို ချေးငွေကာလ သက်တမ်း (၁) နှစ် စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် (၁) နှစ် ထပ်မံတိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) အတိုးများအား ကာလစေ့ရောက်သည့်နေ့တွင် ပေးဆပ်ပြီး ဖြစ်ရပါမည်၊

(ခ) ချေးငွေအား ရည်ရွယ်ချက်အတိုင်း ထိရောက်အောင် ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ/ လုပ်ငန်း ဖြစ်ရပါမည်။

၅။ လုပ်ငန်းကော်မတီက ခွင့်ပြုခဲ့သည့် ချေးငွေ ထုတ်ယူခွင့်ပြုကြောင်း အကြောင်းကြားစာတွင် "ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်ခံရမည်ဖြစ်ပါကြောင်း" အသိပေးဖော်ပြပါရှိသဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ/ လုပ်ငန်းများအနေဖြင့် ချေးငွေ အရင်း၊ အတိုး ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ချေးငွေ သဘောတူစာချုပ်ပါအတိုင်း ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ တရားမကြောင်းအရ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုထားသည့်ကာလအတွင်း အပြီးသတ်အပြေအကျေပေးဆပ်ရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး**
**သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ**

# ဒေါက်တာအောင်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနရှိ ရုံးများနှင့် စာကြည့်တိုက်များအတွက် ၎င်းရေးသားသည့် စာအုပ် ၅၀၀ ပေးအပ်လှူဒါန်း



**နေပြည်တော် မတ် ၈**

ဒေါက်တာအောင်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနရှိ ရုံးများနှင့် စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းထံသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ၎င်းကိုယ်တိုင်ရေးသားပြုစုထားသော "ရင်ထဲက အဖေနှင့် ပတ်သက်သည့် စာစုများ" စာအုပ် ၂၅၀ နှင့် "စိုက်မွေးဆည်စာစုများ" စာအုပ် ၂၅၀ စုစုပေါင်း စာအုပ် ၅၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက စာအုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

# ဒု-စာရင်းစစ်မှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၈**

ဒု-စာရင်းစစ်မှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးတင်ဦးက နိုင်ငံတော်တည်ဆောက်ရေးတွင် ပြည်သူ့ဘဏ္ဍာလေလွင့်ဆုံးရှုံးမှုမရှိစေရေး ထိန်းကျောင်းပေးရသည့် စာရင်းစစ်များ၏ အခန်းကဏ္ဍသည် အလွန် အရေးကြီးပါကြောင်း၊ သို့ပါ၍ အရည်အချင်းပြည့်မီသည့် စစ်ဆေးရေး ဝန်ထမ်းများဖြစ်စေရေးအတွက် ပြောင်းလဲတိုးတက်နေသည့် စာရင်းစစ်ဆေးခြင်းဆိုင်ရာ ပညာရပ်များ၊ နည်းပညာဆိုင်ရာများ၊ သက်ဆိုင်ရာ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို ယခု သင်တန်းတွင် စနစ်တကျ သင်ကြားပို့ချပေးခဲ့ပါကြောင်း၊ သင်တန်းတွင် ပို့ချခဲ့သောဘာသာရပ်များသည် လုပ်ငန်းခွင်တွင် အမှန်တကယ် အသုံးဝင်သည့် ဘာသာရပ်များ ဖြစ်ပါကြောင်း၊ သို့ပါ၍ လုပ်ငန်းခွင်တွင် ထိရောက်စွာ ပြန်လည်အသုံးချခြင်း၊ ကိုယ်တိုင်လေ့လာဆည်းပူးခြင်းများဖြင့် မိမိကိုယ်တိုင် ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများသာမက အတွေးအခေါ်၊ အယူအဆကောင်းများဖြင့် ကျင့်ဝတ်သိက္ခာ လိုက်နာခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာ ဆောင်ရွက်ခြင်းတို့ဖြင့် ရုံး၏ အစဉ်အလာ ကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြ စေလိုပါကြောင်း တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းကို တစ်လကြာ ဖွင့်လှစ်ခဲ့ပြီး ရုံးချုပ်ရှိ ဌာနခွဲအသီးသီးမှ သင်တန်းသား ၈၈ ဦး၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးများမှ သင်တန်းသား ၁၂ ဦး စုစုပေါင်း သင်တန်းသား ၁၀၀ တက်ရောက်ပြီးမြောက်ခဲ့သည်။

သင်တန်းဆင်းပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်ဖြေဆိုနေမှု လှည့်လည်ကြည့်ရှုအားပေး



**နေပြည်တော် မတ် ၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းရှိ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနသို့ ရောက်ရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ် ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထိုသို့ အားပေးကြည့်ရှုရာတွင် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ တာဝန်ရှိသူများကိုတက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုကြသည့် ကျောင်းသားကျောင်းသူများ စည်းကမ်းရှိစွာဖြင့် စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ စာမေးပွဲကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့လိုက်နာဆောင်ရွက်ကြရမည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်ကြစေလိုကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်ပေးကြသူများအားလုံးကို အထူးကျေးဇူးတင်ကြောင်း ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ စာမေးပွဲဖြေဆိုကြသည့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးအားပေးကာ စာမေးပွဲဖြေဆိုမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ရှိ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၉)အခြေခံပညာအလယ်တန်းကျောင်း(ယိုးဒယားကုန်း)၊ အမှတ်(၁၁)အခြေခံပညာ အထက်တန်းကျောင်း(မြို့မ)သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆိုနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရေကြည်မြို့နယ်ရှိ ငါးသိုင်းချောင်း အခြေခံပညာ အထက်တန်းကျောင်း၊ ရေတံခွန် အခြေခံပညာမူလတန်းကျောင်းများသို့လည်းကောင်း၊ ရေကြည်မြို့နယ်ရှိ ရေကြည် အခြေခံပညာအထက်တန်းကျောင်း၊ ဘုရားငူကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ လယ်တီ အခြေခံပညာ မူလတန်းကျောင်းများသို့လည်းကောင်း၊ အသုတ်မြို့နယ်ရှိ အနောက်ဘက်ကမ်း အခြေခံပညာမူလတန်းကျောင်း၊ အသုတ်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ သစ်ဆိမ့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း (ရွှေဂုဏ်တန်း) များသို့လည်းကောင်း၊ ကျောင်းကုန်းမြို့နယ်ရှိ မာလာကွင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၊ လက်ပန်ချောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းများသို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့တွင် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူစုစုပေါင်း ၁၆၁၈၅၁ ဦးရှိ

**နေပြည်တော် မတ် ၈**

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် စတင်ကျင်းပရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူစုစုပေါင်း ၁၆၁၈၅၁ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ငါးခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၅၈ ခု စာစစ်ဌာန စုစုပေါင်း ၈၆၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေစုစုပေါင်း ၁၇၉၈၄၃ ဦးရှိပြီး စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၆၁၈၅၁ ဦးရှိကာ ဖြေဆိုသူ ရာခိုင်နှုန်းအနေဖြင့် ၉၀ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

**အခြေခံပညာဦးစီးဌာန**

**၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး /ပြည်နယ်အလိုက် ဖြေဆိုသူစာရင်း**

ဘာသာရပ်-မြန်မာစာ ရက်စွဲ၊ ၈ - ၃ - ၂၀၂၃

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိဦးရေ | | | ဖြေဆိုသူဦးရေ | | | ပျက်ကွက်သူဦးရေ | | | ဖြေဆို ရာနှုန်း | ပျက်ကွက် ရာနှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၅ | ၃၂ | ၁၄၀၈ | ၈၉၁၉ | ၁၀၃၂၇ | ၁၃၆၄ | ၈၁၆၉ | ၉၅၃၃ | ၄၄ | ၇၅၀ | ၇၉၄ | ၉၂.၃၁% | ၇.၆၉% | |
| ၂ | ကယား | ၃ | ၄ | ၄ | ၂၅၉ | ၇၃၆ | ၉၉၅ | ၂၅၁ | ၆၇၀ | ၉၂၁ | ၈ | ၆၆ | ၇၄ | ၉၂.၅၆% | ၇.၄၄% | |
| ၃ | ကရင် | ၆ | ၇ | ၁၃ | ၆၇၈ | ၂၁၇၃ | ၂၈၅၁ | ၆၂၁ | ၁၉၁၉ | ၂၅၄၀ | ၅၇ | ၂၅၄ | ၃၁၁ | ၈၉.၀၉% | ၁၀.၉၁% | |
| ၄ | ချင်း | ၆ | ၈ | ၁၃ | ၆၅၁ | ၂၈၁၀ | ၃၄၆၁ | ၅၈၀ | ၂၂၄၄ | ၂၈၂၄ | ၇၁ | ၅၆၆ | ၆၃၇ | ၈၁.၅၉% | ၁၈.၄၁% | |
| ၅ | စစ်ကိုင်း | ၁၄ | ၃၁ | ၅၂ | ၁၆၆၄ | ၉၈၀၂ | ၁၁၄၆၆ | ၁၅၆၈ | ၈၃၇၀ | ၉၉၃၈ | ၉၆ | ၁၄၃၂ | ၁၅၂၈ | ၈၆.၆၇% | ၁၃.၃၃% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၉ | ၁၁၀၀ | ၃၂၀၃ | ၄၃၀၃ | ၁၀၄၂ | ၂၈၆၅ | ၃၉၀၇ | ၅၈ | ၃၃၈ | ၃၉၆ | ၉၀.၈၀% | ၉.၂၀% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၂ | ၁၂၇၃ | ၅၇၀၈ | ၆၉၈၁ | ၁၂၂၆ | ၅၀၉၆ | ၆၃၂၂ | ၄၇ | ၆၁၂ | ၆၅၉ | ၉၀.၅၆% | ၉.၄၄% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၃ | ၁၂၀၉ | ၅၄၄၀ | ၆၆၄၉ | ၁၁၆၃ | ၄၉၁၀ | ၆၀၇၃ | ၄၆ | ၅၃၀ | ၅၇၆ | ၉၁.၃၄% | ၈.၆၆% | |
| ၉ | မကွေး | ၇ | ၂၄ | ၅၃ | ၇၇၆ | ၁၂၈၈၃ | ၁၃၆၅၉ | ၇၅၉ | ၁၁၆၆၂ | ၁၂၄၂၁ | ၁၇ | ၁၂၂၁ | ၁၂၃၈ | ၉၀.၉၄% | ၉.၀၆% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၉၇ | ၃၉၄၈ | ၂၀၀၆၄ | ၂၄၀၁၂ | ၃၈၄၅ | ၁၈၂၂၅ | ၂၂၀၇၀ | ၁၀၃ | ၁၈၃၉ | ၁၉၄၂ | ၉၁.၉၁% | ၈.၀၉% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၃ | ၁၅၇၇ | ၄၆၄၃ | ၆၂၂၀ | ၁၄၉၃ | ၄၂၇၅ | ၅၇၆၈ | ၈၄ | ၃၆၈ | ၄၅၂ | ၉၂.၇၃% | ၇.၂၇% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၆၀ | ၄၀၈ | ၁၈၈၈၂ | ၁၉၂၉၀ | ၃၉၂ | ၁၆၅၃၆ | ၁၆၉၂၈ | ၁၆ | ၂၃၄၆ | ၂၃၆၂ | ၈၇.၇၆% | ၁၂.၂၄% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၈၃ | ၁၈၉၆ | ၂၄၉၁၈ | ၂၆၈၁၄ | ၁၈၆၂ | ၂၁၉၄၅ | ၂၃၈၀၇ | ၃၄ | ၂၉၇၃ | ၃၀၀၇ | ၈၈.၇၉% | ၁၁.၂၁% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၅၆ | ၁၈၉၇ | ၆၇၀၈ | ၈၆၀၅ | ၁၈၄၃ | ၅၉၇၇ | ၇၈၂၀ | ၅၄ | ၇၃၁ | ၇၈၅ | ၉၀.၈၈% | ၉.၁၂% | |
| ၁၅ | ရှမ်း(မြောက်) | ၉ | ၁၇ | ၂၀ | ၁၀၂၁ | ၂၆၂၄ | ၃၆၄၅ | ၉၆၆ | ၂၃၄၉ | ၃၃၁၅ | ၅၅ | ၂၇၅ | ၃၃၀ | ၉၀.၉၅% | ၉.၀၅% | |
| ၁၆ | ရှမ်း(ရှေ့) | ၇ | ၁၀ | ၁၂ | ၁၅၅ | ၁၁၆၆ | ၁၃၂၁ | ၁၄၉ | ၁၀၀၂ | ၁၁၆၁ | ၆ | ၁၅၄ | ၁၆၀ | ၈၇.၈၉% | ၁၂.၁၁% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၀၇ | ၇၈၀၆ | ၁၄၃၀၉ | ၂၂၁၁၅ | ၇၃၇၂ | ၁၂၆၈၇ | ၂၀၀၅၉ | ၄၃၄ | ၁၆၂၂ | ၂၀၅၆ | ၉၀.၇၀% | ၉.၃၀% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၃၉ | ၂၀၂ | ၆၉၁၆ | ၇၁၁၈ | ၂၀၀ | ၆၂၃၃ | ၆၄၃၃ | ၂ | ၆၈၃ | ၆၈၅ | ၉၀.၃၈% | ၉.၆၂% | |
| ၁၉ | နိုင်ငံခြား | | | ၅ | | ၁၁ | ၁၁ | | ၁၁ | ၁၁ | | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | ပြည်ထောင်စုချုပ် | ၁၂၄ | ၃၀၉ | ၈၆၃ | ၂၇၉၂၈ | ၁၅၁၉၁၅ | ၁၇၉၈၄၃ | ၂၆၆၉၆ | ၁၃၅၁၅၅ | ၁၆၁၈၅၁ | ၁၂၃၂ | ၁၆၇၆၀ | ၁၇၉၉၂ | ၉၀.၀၀% | ၁၀.၀၀% | |

မှတ်ချက် - စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်

# နေပြည်တော်ကောင်စီနယ်မြေ၌ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများ စတင်ဖြေဆို



နေပြည်တော် မတ် ၈

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ယနေ့ စတင်ကျင်းပလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေအတွင်း၌လည်း သက်ဆိုင်ရာစာစစ်ဌာနများအလိုက် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ဝင်ရောက်ဖြေဆိုကြသည်။

နံနက်ပိုင်းမှစတင်၍ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့ဖြေဆိုကြမည့် စာစစ်ဌာနများသို့ အချိန်မီရောက်ရှိလာကြရာ တာဝန်ကျ ဆရာ၊ ဆရာမများက စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများကို စနစ်တကျ ဆောင်ရွက်ပေးကြသည်။

တက္ကသိုလ်ဝင်စာမေးပွဲသို့ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ စာစစ်ဌာန နှစ်ခု၌ စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၈၁ ဦးတွင် ဖြေဆိုသူ ၁၇၁ ဦး၊ လယ်ဝေးမြို့နယ်ရှိ စာစစ်ဌာန ၁၀ ခု၌ စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၄၇၇ ဦးတွင် ဖြေဆိုသူ ၁၃၄၄ ဦး၊ ဇမ္ဗူသီရိမြို့နယ်ရှိ စာစစ်ဌာန ခြောက်ခု၌ စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၀၅၃ ဦးတွင် ဖြေဆိုသူ ၉၀၁ ဦး၊ ပျဉ်းမနားမြို့နယ်ရှိ စာစစ်ဌာန လေးခုတွင် စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၂၇၆ ဦးတွင် ဖြေဆိုသူ ၁၁၆၆ ဦး၊ ပုဗ္ဗသီရိမြို့နယ်ရှိ စာစစ်ဌာန ငါးခုတွင် စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ ၉၈၆ ဦးတွင် ဖြေဆိုသူ ၉၀၃ ဦး၊ ဇေယျာသီရိမြို့နယ်ရှိ စာစစ်ဌာန လေးခုတွင် စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ ၈၄၆ ဦးတွင် ဖြေဆိုသူ ၇၅၈ ဦး၊ ဥတ္တရသီရိမြို့နယ်ရှိ စာစစ်ဌာန ခြောက်ခုတွင် စာရင်းရှိကျောင်းသား၊ ကျောင်းသူ ၃၇၄ ဦးတွင် ဖြေဆိုသူ ၃၄၉ ဦး၊ တပ်ကုန်းမြို့နယ်ရှိ စာစစ်ဌာန နှစ်ခုတွင် စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ ၉၂၅ ဦးတွင် ဖြေဆိုသူ ၈၄၁ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၆၄၃၃ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိပြီး ဖြေဆိုသည့်ရာခိုင်နှုန်းအနေဖြင့် ၉၀ ဒသမ ၃၈ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က “ကျွန်တော့်အနေနဲ့ ဒီနှစ်စာမေးပွဲမှာ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းခွဲမှာ ကြီးကြပ်ရေးမှူးအဖြစ် တာဝန်ယူထားပါတယ်။ စာမေးပွဲဖြေဆိုဖို့ လျှောက်ထားသူ ၃၂ ယောက်ရှိတဲ့အနက် ၂၉ ယောက် လာရောက်ဖြေဆိုပြီး သုံးယောက် ပျက်ကွက်ဖြစ်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၈ ရက်မှာ ကျင်းပမယ်လို့ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနက တရားဝင်ထုတ်ပြန်ပြီးနောက် စာမေးပွဲဖြေဖို့ သုံးပတ်အလိုမှာ စာဖြေကတ်တွေထုတ်ပေးပါတယ်။ နှစ်ပတ်အလိုမှာ တာဝန်ကျတဲ့ကျောင်းမှာ ဖြေဆိုသူတွေအတွက် စနစ်တကျ ပြင်ဆင်ပါတယ်။ တစ်ပတ်အလိုမှာတော့ စာမေးပွဲလုပ်ရိုးလုပ်စဉ်တွေကို စီစဉ်ဆောင်ရွက်ပါတယ်။



ကျောင်းအုပ်ဆရာကြီး
ဦးဝင်းခိုင်

ကျောင်းအုပ်ဆရာမကြီး
ဒေါ်ခင်မြင့်ရီ



“ကျွန်တော် တာဝန်ကျတဲ့ကျောင်းမှာ စာမေးပွဲဖြေဆိုခန်း နှစ်ခန်း၊ စာမေးပွဲရုံးခန်း တစ်ခန်း၊ အရန်စာဖြေခန်း တစ်ခန်း၊ ကျန်းမာရေးစောင့်ရှောက်ခန်းတစ်ခန်း စုစုပေါင်း ငါးခန်း ထားရှိပါတယ်။ စာမေးပွဲဖြေဆိုခန်းတစ်ခန်းကို လူဦးရေ ၃၀ စာ ထားရှိပါတယ်။ စာမေးပွဲမှာ ဘာသာတွဲ ၁၊ ဘာသာတွဲ ၂ နဲ့ ဘာသာတွဲ ၇ ဆိုပြီး အတွဲ သုံးတွဲ ဖြေဆိုကြပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေ စိတ်အေးချမ်းစွာဖြေဆိုနိုင်ကြဖို့ စနစ်တကျပြင်ဆင်ဆောင်ရွက်ထားပါတယ်။ အားလုံးဖြေဆိုနိုင်ကြပါစေလို့လည်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်”ဟု ပြောသည်။

အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ရီက “တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုဖို့ လျှောက်ထားသူ ၄၇၆ ဦးရှိပါတယ်။ ကျွန်မကျောင်းမှာ စာဖြေဆိုခန်းအနေနဲ့ ၁၆ ခန်းရှိပါတယ်။ စာဖြေခန်းတစ်ခန်းမှာ ကျောင်းသား၊ ကျောင်းသူ ၃၀ ဖြေဆိုနိုင်မှာဖြစ်ပါတယ်။ Hall ခန်းမကိုတော့ ကြီးကြပ်ရေးမှူးရုံးခန်းအဖြစ် ပြင်ဆင်ထားပါတယ်။ နောက်ပြီး အရန်စာဖြေခန်းတစ်ခန်း ပြင်ဆင်ထားတဲ့အပြင် ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ်အတွင်း ကျန်းမာရေးတစ်စုံတစ်ရာ ချို့ယွင်းလာရင် ကုသပေးနိုင်ဖို့ ကျန်းမာရေးခန်း တစ်ခန်းကိုလည်း ပြင်ဆင်ထားပါတယ်။ စာမေးပွဲစည်းမျဉ်းစည်းကမ်းနဲ့အညီ ကျောင်းသား၊ ကျောင်းသူတွေ စိတ်အေးချမ်းပျော်ရွှင်စွာ ဖြေဆိုနိုင်ဖို့ အားလုံးပြင်ဆင်ထားပါတယ်” ဟု ပြောသည်။

ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်များအလိုက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုလည်း စနစ်တကျ စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယနေ့ မတ် ၈ ရက်မှ ၁၈ ရက်အထိ တစ်နေ့ တစ်ဘာသာနှုန်းဖြင့် နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း – အောင်ရဲသွင်**

**ဓာတ်ပုံ – ကိုကြီးထိန်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများတွင် ဆေးဝါးကုသမှုခံယူနေကြသည့် ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲကို စိတ်အေးချမ်းသာစွာဖြေဆိုလျက်ရှိ



ရန်ကုန် မတ် ၈

ယနေ့သည် တစ်နိုင်ငံလုံးရှိ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်ကျောင်းများ၌ စတင်ဖြေဆိုသောနေ့ ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ သတ်မှတ်စာဖြေဌာနများသို့ လာရောက်ဖြေဆိုနိုင်ခြင်းမရှိသည့် ဆေးဝါးကုသမှုခံယူနေကြသည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်သူများအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ဝေဘာဂီ အထူးကုဆေးရုံကြီးတို့၌ ကျောင်းသား၊ ကျောင်းသူများအတွက် စာဖြေဌာနများကို ဖွင့်လှစ်ပေးထားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ဆေးရုံကြီးစာဖြေဌာနများ ဖွင့်လှစ်ထားမှုနှင့် စပ်လျဉ်း၍ လသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (လသာ)မှ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဝင်းက “ကျွန်တော့်ရဲ့ မူလတာဝန်ကတော့ အထက(၁) လသာကပါ။ အခု ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာဖြေဌာနမှာ ကြီးကြပ်ရေးမှူးတာဝန်ယူရပါတယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းက အရေးပေါ်လူနာ၊ ဖျားနာလူနာ ကျောင်းသား၊ ကျောင်းသူတွေ စာမေးပွဲဖြေဆိုနိုင်ဖို့အတွက် ခုတင် ၁၀ လုံး၊ စာဖြေဆိုသူများထိုင်ဖို့ ထိုင်ခုံ ၁၂ လုံး စီစဉ်ဆောင်ရွက်ထားပါတယ်၊ ဒီကြားထဲမှာမှ ကူးစက်လူနာပေါ်လာရင် သီးသန့်ခန်းကိုလည်း စီစဉ်ထားပါတယ်၊ ဒီနေ့ မြန်မာစာဖြေဆိုမှာကတော့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ဆေးဝါးကုသမှုခံယူနေတဲ့ ဗဟန်းမြို့နယ် ပြင်ပဖြေဆိုသူ ကျောင်းသူတစ်ဦးနဲ့ မင်္ဂလာတောင်ညွန့်မြို့နယ်က ကျောင်းသူတစ်ဦးတို့ ဖြစ်ပါတယ်၊ ဗဟန်းမြို့နယ်က ကျောင်းသူတစ်ဦးကတော့ ဖျားနာပြီး သွေးယိုစိမ့်မှုရောဂါကုသနေရတယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်က ပြင်ပဖြေဆိုမယ့် ကျောင်းသူတစ်ဦးကတော့ အူအတက်ရောင်လို့ မနေ့ကမှ ခွဲစိတ်ထားသူဖြစ်ပြီး ကြိုးစားပြီး ကိုယ်တိုင်ဖြေဆိုကြည့်မယ်၊ မဖြေနိုင်ရင် လူစားဖြေဆိုမှာဖြစ်ပါတယ်၊ လူစားဖြေဆိုမယ့် ကလေးတွေကိုလည်း အဆင်သင့်ခေါ်ထားပေးပါတယ်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာဖြေဌာနမှာအတွင်းစည်းကြီးကြပ်သူအဖြစ် ကျွန်တော်အပါအဝင် ကျွန်တော့်ကျောင်းက ဆရာမ ၁၂ ဦး၊ လသာမြို့နယ်ကျောင်းတွေက ဆရာ၊ ဆရာမ ငါးဦးတို့က မေးခွန်းဖောက်တာတွေ၊ မေးခွန်းဝေတာတွေ၊ စာဖြေလွှာသိမ်းတာတွေကို ဆောင်ရွက်ကြမှာဖြစ်ပါတယ်၊ အပြင်စည်းကိုတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က တာဝန်ယူဆောင်ရွက်သွားပါမယ်၊ ဆရာကြီးတို့ အတွင်းစည်းကတော့ မြန်မာနိုင်ငံ စာစစ်ဌာနက သတ်မှတ်ထားတဲ့အတိုင်း အင်အားအပြည့်နဲ့ ဆောင်ရွက်ထားပါတယ်”ဟု ပြောသည်။

“အခု ၂၀၂၂-၂၀၂၃ ပညာသင်နှစ်ဟာ စနစ်ဟောင်းဖြေဆိုတဲ့ နောက်ဆုံးနှစ်ဖြစ်တာကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုဖို့ သင်ယူထားကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေအားလုံး ဖြေဆိုစေချင်ပါတယ်၊ ဆရာကြီးတို့အနေနဲ့ ကျောင်းသား၊ ကျောင်းသူတွေအားလုံး ဖြေဆိုနိုင်ဖို့အတွက် တရားနည်းလမ်းကျစွာ၊ မျှတစွာ အစွမ်းကုန်ကူညီပေးသွားပါမယ်” ဟု လသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဝင်း က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးစာဖြေဌာနများတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများမှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် နှစ်ဦး၊ မြောက်ဥက္ကလာပဆေးရုံကြီးတွင် နှစ်ဦး စုစုပေါင်း လေးဦးဖြစ်ကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ – ကိုကိုဇော်(MNA)**

## ရှေးဟောင်းသမိုင်းဝင် အနန္တဇိနမာန်အောင် ဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲကျင်းပ

**ခနေဖြူ မတ် ၈**

ခနေဖြူမြို့နယ် ရှေးဟောင်းသမိုင်းဝင် အနန္တဇိနမာန်အောင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ရတနာရွှေထီးတော်၊ ရတနာစိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို မတ် ၅ ရက်တွင် အဆိုပါ စေတီတော်ရင်ပြင်တော်၌ ကျင်းပသည်။

ရှေးဦးစွာ ရောဝတီတိုင်းဒေသကြီး ခနေဖြူမြို့နယ် ဘုရားကြီးကုန်းသဲဖြူကျေးရွာအုပ်စု ဥယျာဉ်ချောင်း ဦးဓမ္မာလင်္ကာရ ဆရာတော်ထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘုရားဒါယကာအလှူရှင်မိသားစု၊ ကျေးရွာများရှိ အလှူရှင်များ၊ ဧည့်သည်တော်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဘုရားဒါယကာ အလှူရှင်နှင့် ဂေါပကအဖွဲ့ဝင်များ၊ ဥပသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်နံ့သာရည်များ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သံဃာတော်များအား ဆက်ကပ်ကြသည်။

ဆက်လက်၍ဝတ္တကမြေအလှူရှင် ဘုရားဒါယကာ ဦးစိန်လှဝင်းက အနန္တဇိနမာန်အောင်စေတီတော် ပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားပြီး စေတီတော်တည်ဆောက်ပြုပြင်ရေးဆိုင်ရာ အထောက်အထားများကို ပန်းရန်ပညာရှင်များက ဝတ္တကမြေအလှူရှင် ဦးစိန်လှဝင်းထံသို့ ပြန်လည်အပ်နှံကာ အလှူရှင်ကပန်းရန်ပညာရှင်များကို လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ဆရာတော်က စေတီတော်တည်ထားခြင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ နဝမဟာ မင်္ဂလာတရားတော်များကို ဟောကြား၍ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် အောင်စကြာမင်္ဂလာရထားပျံအဖွဲ့က စေတီတော်အထွတ်သို့ပင့်ဆောင်တင်လှူပူဇော်ကြရာ ဆရာတော် သံဃာတော်များက ဇယန္တောဗောဓိယာမူလေ အစချီသော ဇယမင်္ဂလာအောင်ဂါထာတော်များရွတ်ဖတ်ပူဇော်ကြပြီး ရွှေထီးတော်ဘုံအဆင့်ဆင့်ကို ထီးတော်တင်အဖွဲ့တာဝန်ရှိသူများက ထီးတော်ကိုအောင်မြင်စွာတင်လှူပူဇော်ခဲ့ကြောင်း သိရသည်။



**စောရွှေဂွန်း**

## ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတင်ဖြေဆို
## ပါမောက္ခချုပ်များ၊ တိုင်းပညာရေးမှူးနှင့် တာဝန်ရှိသူတို့ လိုက်လံကြည့်ရှုအားပေး

**ရန်ကုန် မတ် ၈**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ကို ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတစ်ဝန်းရှိ စာစစ်ဌာနတို့၌ စတင်ကျင်းပလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း စာစစ်ဌာနများ၌ ဖြေဆိုလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးပညာရေးမှူးနှင့်တာဝန်ရှိသူတို့က လိုက်လံကြည့်ရှုအားပေးကြသည်။



ဦးစွာ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ်၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ရန်ကုန်အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ရန်ကုန် အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့် တာဝန်ရှိသူတို့သည် စမ်းချောင်းမြို့နယ် အမှတ်(၂)အထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၊ ဗဟန်းမြို့နယ် အမှတ်(၁) အထက်တန်းကျောင်း၊ ကျောက်တံတား မြို့နယ် အထက်တန်းကျောင်း၊ ပန်းဘဲတန်းမြို့နယ် အမှတ်(၁)အထက်တန်းကျောင်းနှင့် စာစစ်ဌာနများတွင် ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၈၃ ခု၌ ကျောင်းသား ကျောင်းသူ ၂၆၈၁၄ ဦး စာရင်းပေးသွင်းထားရာ အမြင်အာရုံမသန်စွမ်းသူ ခုနစ်ဦး၊ ကိုယ်အင်္ဂါမသန်စွမ်းသူ ရှစ်ဦး၊ ဆေးရုံတက်ရောက်ဖြေဆိုသူလေးဦး၊ အကျဉ်းဦးစီးဌာနမှ ၁၀ ဦး အပါအဝင် စုစုပေါင်း ၂၃၈၀၇ ဦး မြန်မာစာဘာသာရပ်ကို ဝင်ရောက်ဖြေဆိုကြပြီး တိုင်းဒေသကြီးအတွင်း၌ စိတ်ကြိုက်မြန်မာစာဘာသာရပ်ကို ကျောင်းသူတစ်ဦးတည်း ဖြေဆိုခဲ့ကြောင်းသိရသည်။

ကျောင်းသား ကျောင်းသူများ စာမေးပွဲကို စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် ကျောင်းပြင်ပတို့တွင် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နိုင်ငံခြားစာစစ်ဌာန အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနပေါင်း ၈၆၃ ဌာန၌ ကျောင်းသား ကျောင်းသူ ၁၇၉၈၄၃ ဦး ဖြေဆိုရန် စာရင်းပေးသွင်းထားကြောင်း သိရသည်။

**ညိမ်းသူ-သတင်းစဉ်**

**ဓာတ်ပုံ - ကနူး**

## ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတင်ဖြေဆို

**နေပြည်တော် မတ် ၈**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့တွင် စတင်ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိကြသည်။

ဦးစွာ စာမေးပွဲ ဖြေဆိုခြင်းမပြုမီ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။

ထိုသို့ တက္ကသိုလ်ဝင် စာမေးပွဲများ ဖြေဆိုလျက်ရှိရာတက္ကသိုလ်ဝင်စာမေးပွဲသို့နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ စာစစ်ဌာန နှစ်ခု၌ စာရင်းရှိ ကျောင်းသား ကျောင်းသူ ၁၈၁ ဦးတွင် ဖြေဆိုသူ ၁၇၁ ဦး၊ လယ်ဝေးမြို့နယ်ရှိ စာစစ်ဌာန ၁၀ ခု၌ စာရင်းရှိ ကျောင်းသား ကျောင်းသူ ၁၄၇၇ ဦးတွင် ဖြေဆိုသူ ၁၃၄၄ ဦး၊ ဇမ္ဗူသီရိမြို့နယ်ရှိ စာစစ်ဌာန ခြောက်ခု၌ စာရင်းရှိကျောင်းသား ကျောင်းသူ ၁၀၅၃ ဦးတွင် ဖြေဆိုသူ ၉၀၁ ဦး၊ ပျဉ်းမနားမြို့နယ်ရှိစာစစ်ဌာန လေးခုတွင် စာရင်းရှိကျောင်းသား ကျောင်းသူ ၁၂၇၆ ဦးတွင် ဖြေဆိုသူ ၁၁၆၆ ဦး၊ ပုဗ္ဗသီရိမြို့နယ်ရှိ စာစစ်ဌာန ငါးခုတွင် စာရင်းရှိ ကျောင်းသား ကျောင်းသူ ၉၈၆ ဦးတွင် ဖြေဆိုသူ ၉၀၃ ဦး၊ ဇေယျာသီရိမြို့နယ်ရှိ စာစစ်ဌာန လေးခုတွင် စာရင်းရှိ ကျောင်းသား ကျောင်းသူ ၈၄၆ ဦးတွင် ဖြေဆိုသူ ၇၅၈ ဦး၊ ဥတ္တရသီရိမြို့နယ်ရှိ စာစစ်ဌာန ခြောက်ခုတွင် စာရင်းရှိ ကျောင်းသား ကျောင်းသူ ၃၇၄ ဦးတွင် ဖြေဆိုသူ ၃၄၉ ဦး၊ တပ်ကုန်းမြို့နယ်ရှိ စာစစ်ဌာန နှစ်ခုတွင် စာရင်းရှိ ကျောင်းသား ကျောင်းသူ ၉၂၅ ဦးတွင် ဖြေဆိုသူ ၈၄၁ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၆၄၃၃ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိပြီး ဖြေဆိုသည့် ရာခိုင်နှုန်းအနေဖြင့် ၉၀ ဒသမ ၃၈ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရသည်။

အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများတွင်လည်း တက္ကသိုလ်ဝင်စာမေးပွဲများ ဖြေဆိုလျက်ရှိရာ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် စာဖြေဆိုသူ စာရင်းသွင်း အရေအတွက်မှာ ခရိုင်ပေါင်း ၁၂၄ ခရိုင်၊ မြို့နယ်ပေါင်း ၃၀၉ မြို့နယ်၊ စာစစ်ဌာနပေါင်း ၈၆၃ ဌာနတွင် စာရင်းရှိ ဦးရေမှာ ၁၇၉၈၄၃ ဦးရှိခဲ့ပြီး လာရောက်ဖြေဆိုသူ ဦးရေမှာ ၁၆၁၈၅၁ ဦး ရှိခဲ့ရာ ဖြေဆိုရာခိုင်နှုန်းမှာ ၉၀ ရာခိုင်နှုန်း ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။



ယင်းသို့ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များတွင် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့တွင် မြန်မာစာဘာသာရပ်ကို စတင်ဖြေဆိုပြီး မတ် ၉ ရက် ကြာသပတေးနေ့တွင် အင်္ဂလိပ်စာဘာသာရပ်နှင့် မတ် ၁၀ ရက် သောကြာနေ့တွင် သင်္ချာဘာသာရပ်ကို ဖြေဆိုကြရမည်ဖြစ်၍ မတ် ၁၁ ရက် စနေနေ့နှင့် မတ် ၁၂ ရက် တနင်္ဂနွေနေ့တို့ကို ပိတ်ရက်အဖြစ် သတ်မှတ်ကြောင်း သိရသည်။

ဆက်လက်ပြီး မတ် ၁၃ ရက် တနင်္လာနေ့တွင် ဓာတုဗေဒဘာသာရပ်၊ မတ် ၁၄ ရက် အင်္ဂါနေ့တွင် ရူပဗေဒဘာသာရပ်၊ မတ် ၁၅ ရက် ဗုဒ္ဓဟူးနေ့တွင် ဇီဝဗေဒဘာသာရပ်/ ဘောဂဗေဒဘာသာရပ်၊ မတ် ၁၆ ရက် ကြာသပေးနေ့တွင် ပထဝီဝင်ဘာသာရပ်၊ မတ် ၁၇ ရက် သောကြာနေ့တွင် သမိုင်းဘာသာရပ်နှင့် မတ် ၁၈ ရက် စနေနေ့တွင် စိတ်ကြိုက်မြန်မာစာ စသည်ဖြင့် ဖြေဆိုကြရမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုမှု ပုံရိပ်များ


မော်လမြိုင်
ခရိုင်(ပြန်/ဆက်)


ဖျာပုံ
၂၀၇


အထက(၆) ဗိုလ်တထောင်
ဖော်မင်းလတ်


အင်းစိန်
ဉာဏ်ဟိန်း


အထက(၁) မင်္ဂလာတောင်ညွန့်
ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)


ပုသိမ်
ခရိုင်(ပြန်/ဆက်)


လှည်းကူး
မြင့်ဦး

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၄၇၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၈-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၃-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၄၇၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၈၃,၉၅၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၄၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၂၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ် -၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၇-၃-၂၀၂၃) ရက်နေ့အထိ အသက်(၁၈)နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၆၅,၇၉၅)ဦးနှင့် အသက်(၁၈)နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၄၁,၉၆၆) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၇-၃-၂၀၂၃ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၆၅,၇၉၅ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၄၁,၉၆၆ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မင်းတပ်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲကို တည်ငြိမ်အေးချမ်းစွာ ဖြေဆိုလျက်ရှိ

မင်းတပ် မတ် ၈

ချင်းပြည်နယ် မင်းတပ်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့ နံနက်၉ နာရီတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းတွင်း/ပြင်ပရှိ ကျောင်းသား ကျောင်းသူများ တည်ငြိမ်အေးချမ်းစွာ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် ကျောင်းသား ကျောင်းသူပေါင်း ၆၉ ဦး စာမေးပွဲဝင်ရောက်ဖြေဆိုရန် စာရင်းရရှိသော်လည်း ၅၉ ဦး ဝင်ရောက်ဖြေဆိုနိုင်ခဲ့သည်။ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူများကို စစ်နယ်မြေမှူး ဗိုလ်မှူးကြီး အောင်မြတ်ထွန်းနှင့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲကို တည်ငြိမ်အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝေဖြိုး(ဇလပ်မြေ)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၄၅ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၇၅ | ၂၂၉၅ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၆၅ | ၂၈၁၀ |
| 95 Ron | ၂၂၃၀ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၀ | ၂၂၇၅ | ၂၃၀၀ | ၂၂၈၅ | ၂၂၆၅ | ၂၃၆၀ | ၂၃၈၀ | ၂၂၇၀ | ၂၂၈၅ | ၂၃၁၅ | ၂၃၁၅ | ၂၃၂၀ | ၂၅၅၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၂၀၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၁၅ | ၂၂၅၀ | ၂၂၇၅ | ၂၂၇၀ | ၂၂၄၀ | ၂၃၆၀ | ၂၃၅၅ | ၂၂၄၅ | ၂၂၅၅ | ၂၂၉၀ | ၂၂၉၀ | ၂၂၉၅ | ၂၅၂၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၂၈၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၄၀ | ၂၄၃၅ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၅ | ၂၆၀၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၂၈၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၄၀ | ၂၄၃၅ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၅ | ၂၆၀၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၃၇ | ၂၁၁၁ |
| 95 Ron | ၂၁၁၈ | ၂၁၉၄ |
| HSD (500 ppm) | ၂၀၉၈ | ၂၁၆၉ |
| HSD (50 ppm) | ၂၁၇၂ | ၂၂၄၅ |
| HSD (10 ppm) | ၂၁၇၂ | ၂၂၄၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၈

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) [LISU NATIONAL DEVELOPMENT PARTY (L.N.D.P)]နှင့် တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ [TAI-LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)]** တို့သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၆ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၁၃ ပါတီဖြစ်၍ စုစုပေါင်း ၁၉ ပါတီ ဖြစ်ပါသည်။ ယင်း ၁၉ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့် ပါတီ ၅ ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီ ၁၄ ပါတီဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ အမှတ်(၂၃/၁၁၈)တွင် ပါတီရုံးချုပ် တည်ရှိသော **လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) [LISU NATIONAL DEVELOPMENT PARTY (L.N.D.P)]**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၈-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) [LISU NATIONAL DEVELOPMENT PARTY (L.N.D.P)] ၏ အလံပုံစံ**



**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) [LISU NATIONAL DEVELOPMENT PARTY (L.N.D.P)] ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီးဘေး၊ စိမ်းမြရောပန်းခြံအနီး၊ အမှတ်(၃၂၈)တွင် ပါတီရုံးချုပ်တည်ရှိသော **ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရနိုင်ငံရေးပါတီအဖြစ်ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၇-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]၏ အလံပုံစံ**



**ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# “ပြည်ချစ်သားမွန် တေးသဝဏ်” တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

နေပြည်တော် မတ် ၈

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ်ဆန်းသစ်မှုအဖြစ် ၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ရောက်ရှိမည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် **“ပြည်ချစ်သားမွန်တေးသဝဏ်”** တေးဂီတဖျော်ဖြေပွဲအစီအစဉ်ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂၄ ရက်အထိ ပွဲစဉ်(၅)ခုဖြင့် အပတ်စဉ် သောကြာနေ့ ည ၈ နာရီ သတင်းများအပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါအစီအစဉ်ကို **“မြန်မာ့အသံတေးဂီတ”** အဖွဲ့၏ တီးခတ်မှုနှင့်အတူ မူရင်းတေးသံရှင်များ၊ နာမည်ကျော်တေးသံရှင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းအဆိုရှင်များနှင့် တူယှဉ်ပြိုင်ပွဲပျော်ဂီတပွဲတော်များမှ တေးသံရှင်များ ပါဝင်သီဆိုလျက်ရှိရာ မတ် ၁၀ ရက်တွင် တင်ဆက်မည့် ပွဲစဉ်(၃)တွင် သန်းမြတ်စိုး၊ စောထက်နေယံ၊ ကောင်းဆက်၊ မေထူးကျော်၊ အိအိလှိုင်၊ ထွန်းပပအောင်၊ သီရိစံ၊ သွန်း၊ မြတ်ဆုခြယ်နှင့် အင်ကြင်းနိုင်ဦးတို့ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်းနှင့် ထိုသို့တင်ဆက်မှုကို မတ် ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီခွဲတွင် ထပ်မံထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

နေပြည်တော် မတ် ၈

သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေး အစီအစဉ် (Family Quiz) ပွဲစဉ် (၁၀၈) ကို မတ် ၁၀ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏




MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ဝေလျှံနှင့် သိမ့်သိမ့်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို မတ် ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## “နိပါတ်တော်လာ ဇာတ်သဘင် မဟာအစီအစဉ်”မှ “ဝဏ္ဏုပထ လှည်းသားငါးရာ” ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် မတ် ၈

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ် လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတ ရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် **“နိပါတ်တော်လာ ဇာတ်သဘင် မဟာအစီအစဉ်”** ဆန်းသစ်တင်ဆက်မှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၂ ရက်မှ စတင်၍ အပတ်စဉ် စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်မှ **“ဝဏ္ဏုပထ လှည်းသားငါးရာ”** ဇာတ်တော်ကို ပဏ္ဍမြားကေခိုင် စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွှေစားဝါးခယ်မ စိန်မုန့်လုံး၏ တီးခတ်မှု၊ ဇံဟိန်း၊ ဖြိုးကျော်၊ ဘွန်း၊ ဆန်းနေအောင်၊ ချမ်းချမ်းမိုး၊ မစိမ်းစိမ်းနှင့်အတူ သဘင်အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

### ပြန်လည်ပြသမည်

ထိုသို့တင်ဆက်မှုကို ၂၀၂၃ ခုနှစ် မတ် ၁၁ ရက် (စနေနေ့) ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး မတ် ၁၅ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**လွိုင်ကော် မတ် ၈**

ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲက အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ အရေးပါသော အင်အားစုတစ်ရပ်ဖြစ်သည့် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေး၊ အမျိုးသမီး/အမျိုးသားအားလုံး တန်းတူညီမျှမှုရှိစေရေး တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးကော်မတီတို့က မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ မူဝါဒ၊ လုပ်ငန်းစဉ်၊ ဥပဒေများနှင့်အညီ ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားနိုင်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ တရားရေး၊ လူမှုရေးလုပ်ငန်းများတွင် အထောက်အကူပြုနိုင်ရေး အတွက် ငွေကြေးများ ပံ့ပိုးခြင်းကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အမျိုးသမီးထု၏အင်အားနှင့် စွမ်းဆောင်ရည်ကို နိုင်ငံတော်အား အကျိုးပြုနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် မြှင့်တင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထိထိရောက်ရောက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး လွိုင်ကော်မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်လေးများက "သွေးချင်းများနှင့်အတူ ကကြမယ်" သီချင်းနှင့် "ပန်းကောက်တေး" တေးသီချင်းတို့ဖြင့် ကပြဖျော်ဖြေတင်ဆက်ကြရာ ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသော သားငယ်/သမီးငယ်လေးများအား ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသောအမျိုးသမီးရေးရာအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် အားပေးစကားပြောခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားများ ပြုလုပ်

**နေပြည်တော် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ၊ အမျိုးသမီးနှင့်ကလေးများဘဝ မြှင့်တင်ရေးအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သရုပ်ပြတင်ဆက်**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ဗီဒီယိုဖြင့် ပြသသည်။ ထို့နောက် မူကြိုကလေးငယ်များ၊ အမျိုးသမီးသင်တန်းကျောင်းများနှင့် အသင်းအဖွဲ့များမှ အမျိုးသမီးများက မြန်မာ့သိုင်းများ၊ Fitness Dance များဖြင့် သရုပ်ပြတင်ဆက်ကြသည်။

ယင်းနောက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများနှင့် အာဆီယံ အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသူများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြပြီး ပြခန်းများ အတွင်း လှည့်လည်ကြည့်ရှုကြသည်။ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အမျိုးသမီးများဘဝ လုံခြုံရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး အသိပညာပေး ဆွေးနွေးပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အလားတူ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဧရာရွှေဝါခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အမျိုးသမီးများရေးရာကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီးက ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၃) ကို ကြိုဆိုဂုဏ်ပြု တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်း ဆေးကုသ

**ရန်ကုန် မတ် ၈**

မြန်မာနိုင်ငံ ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းရင်းဆေးပညာ ဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) ကွင်းဆင်း ဆေးကုသရေးအဖွဲ့က မတ် ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အထက်ခမတ်စံပြကျေးရွာတွင် ပြည်သူ ၂၄၂ ဦးအား အခမဲ့ကွင်းဆင်း ဆေးကုသပေးခဲ့သည်။



ပြည်သူများအား အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှု ပေးခြင်းအပြင် ကျေးရွာရှိ အောင်သာသီရိ ကျောင်းတိုက် ကျောင်းထိုင် ဆရာတော်ထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ ကျောင်းဆောင် တည်ဆောက်ရန်အတွက် အလှူငွေများ၊ ကျေးရွာ အလယ်တန်းကျောင်း (ခွဲ)ရှိ ကျောင်းသား ကျောင်းသူများ အတွက် ကျောင်းသုံးဗလာစာအုပ်များကို လှူဒါန်းခဲ့ကြသည်။

တိုင်းရင်းဆေးပညာ ဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) တိုင်းဦးစီးဌာနမှူး ဆရာကြီး ဦးတင့်လွင်၊ ရန်ကုန်မြို့ ခုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံ ဆေးရုံအုပ်ကြီး ဆရာမကြီး ဒေါ်မူမူချို၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များ အသင်းမှဥက္ကဋ္ဌ ဦးမောင်မောင်ဦး (ဂရိတ်ဝေါ)၊ အတွင်းရေးမှူး ဦးဝင်းဇော် (အောင်ထိပ်တန်း)၊ တိုင်းရင်းဆေးဆရာ အသင်း အတွင်းရေးမှူး ဦးစိုးတင့် (မြစန္ဒာ) နှင့် တိုင်းရင်းဆေးမိသားစုများက စုပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# မိုးနဲမြို့နယ်၌ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် အသိပညာပေး ဆွေးနွေးပွဲကျင်းပ

**မိုးနဲ မတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မတ် ၈ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးနေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်နန်းမွမ်းဆိုင်က အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံ၊ စတင်ကျင်းပသောနှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ကျင်းပနေမှုနှင့်အမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာများကို မေးမြန်းရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သွယ်သွယ်ဇင်က အသေးစိတ်ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ ကျူးလွန်မှု အများဆုံးဖြစ်နိုင်သည့် အခြေအနေ၊ ကျူးလွန်မှု အများဆုံးခံရသည့် အခြေအနေ၊ အကြမ်းဖက်မှုများ၏အကျိုးဆက်၊ အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေးဆောင်ရွက်နေမှုအခြေအနေများကို မေးမြန်းရာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီရိကျော်က အသေးစိတ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့၏ဆောင်ပုဒ်မှာ ကျား/မ တန်းတူညီမျှဖို့ နည်းပညာနှင့် ဆန်းသစ်စို့ဖြစ်ပြီး ဆွေးနွေးမှုအပြည့်အစုံကို သက်ဆိုင်ရာ အွန်လိုင်းတွင် လွှင့်တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝိုးတောင်း**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော်  မတ်  ၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အမှတ်(၆)ရပ်ကွက်နေ ဇင်မွန်မွန်ဖြိုးသည် ၎င်းအသုံးပြုသည့် "Zin Mon Mon Phyo" Facebook အကောင့်၊ မုံရွာမြို့နယ် အေးသာယာရပ်ကွက်နေ သောင်းသောင်းမြင့်သည် ၎င်းအသုံးပြုသည့် "ကြီးကြီးမြင့်" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဥက္ကံကျေးရွာနေ သိန်းကိုကိုသည် ၎င်းအသုံးပြုသည့် "Thein Ko Ko" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် သားကျင်ကျေးရွာနေ စိုးပိုင်သည် ၎င်းအသုံးပြုသည့် "Soe Paing" Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်နေ တင်မောင်ငွေသည် ၎င်းအသုံးပြုသည့် "Tin Mg Ngwe" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော် ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေစာရံဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပြန်လည်ထွက်ခွာလာသည့် ဘုရားဖူးယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ၊ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အသက် ခြောက်နှစ်အရွယ် ကလေးငယ်အပါအဝင် ဘုရားဖူးပြည်သူ သုံးဦး သေဆုံး

နေပြည်တော်  မတ်  ၈

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ရွှေစာရံဘုရားသို့ ဘုရားဖူး သွားရောက်ဖူးမြော်ကြည်ညိုပြီး ပြန်လည်ထွက်ခွာလာသည့် ဘုရားဖူးယာဉ်အား မတ် ၇ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲ၍ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သည့်အတွက် အသက် ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် ဘုရားဖူးပြည်သူ သုံးဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့ အမှတ်(၅)ရပ်ကွက်မှ ဒေါ်ငြိမ်းသန္တာသင်း အပါအဝင် ဘုရားဖူးပြည်သူ ကိုးဦးတို့သည် ပုသိမ်ကြီးမြို့နယ် ရွှေစာရံဘုရားသို့ Toyota Passo အမျိုးအစား မော်တော်ယာဉ်ဖြင့် ဘုရားဖူးသွားရောက်ဖူးမြော်ကြည်ညိုပြီး ပြန်လည်ထွက်ခွာစဉ် မတ် ၇ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် မြင်းခြံမြို့နယ် နွားထိုးကြီး-မြင်းခြံသွားကားလမ်း ညောင်ပင်သာကျေးရွာ၏ အရှေ့ဘက် မီတာ ၈၀၀ ခန့်အကွာသို့အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက လမ်း၏ယာဘက် မီတာ ၁၀၀ ခန့်အကွာမှ လက်လုပ်အဝေးထိန်းမိုင်းတစ်လုံးဖြင့် ဖောက်ခွဲပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ မော်တော်ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ဒေါ်ငြိမ်းသန္တာသင်း၊ ဦးသန်းထိုက်မျိုးနှင့် အသက် ခြောက်နှစ်အရွယ်ရှိ မောင်ရွှေဘုန်းသစ်တို့သည် မိုင်းစထိမှန် ဒဏ်ရာ၊ ကျည်ထိမှန်ဒဏ်ရာများဖြင့် နေရာတွင် သေဆုံးခဲ့ပြီး ဦးရှိုင်းယုလတ်နှင့် ဒေါ်ရီမွန်ကိုတို့မှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရှိသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး မြင်းခြံခရိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။



မြင်းခြံမြို့နယ် ညောင်ပင်သာကျေးရွာအနီး ဘုရားဖူးယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ၊ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် နေရာပြပုံ။

အထက်ပါဖြစ်စဉ်တွင် အပြစ်မဲ့ပြည်သူများကို အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများ ဖမ်းဆီးရမိရေးနှင့် ထိရောက်စွာအရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


NUG၊ CRPH အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံအနှံ့အပြားရှိ ဘုရားကျောင်းကန်များ၊ အပန်းဖြေစခန်းများတွင် အများပြည်သူများ စည်ကားသိုက်မြိုက်စွာဖြင့် အေးချမ်းပျော်ရွှင်စွာ ဘုရားဖူးခြင်း၊ အပန်းဖြေအနားယူနေခြင်းတို့အပေါ် မရှုဆိတ်သော အောက်တန်းကျသည့်စိတ်ဓာတ်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်လာခဲ့သည်။ ယခုဖြစ်စဉ်သည်လည်း ၎င်းတို့၏ ခိုင်းစေချက်အရ PDF အမည်ခံအကြမ်းဖက်သမားအနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူ အေးချမ်းစွာဖြင့် ဘုရားဖူးကုသိုလ်ယူ၍ပြန်လာစဉ် အကြမ်းဖက်လုပ်ရပ်လုပ်ဆောင်မှုကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကျူးလွန်ရာရောက်ပြီး အဆိုပါ စစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ်ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေးဆောင်ရွက်မှု ( Counter-terrorism Action ) ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အများပြည်သူများအနေဖြင့် အကြမ်းဖက်အဖွဲ့၏လှုပ်ရှားမှုသတင်းများ ရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားရန် အသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**





မြင်းခြံမြို့နယ် ညောင်ပင်သာကျေးရွာအနီး ဘုရားဖူးယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ၊ ပစ်ခတ်တိုက်ခိုက်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။



တောင်သာမြို့နယ် ဇရပ်ကြီးကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း(ဇရပ်ကြီး)အား PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb နှစ်လုံး ပစ်ချတိုက်ခိုက်သည့်နေရာပြပုံ။

# တောင်သာမြို့နယ် ဇရပ်ကြီးကျေးရွာ စာသင်ကျောင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များဖြင့် လာရောက်ကြဲချ

နေပြည်တော်  မတ်  ၈

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဇရပ်ကြီးကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းအား ယနေ့နံနက် ၁၁ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက အဆိုပါကျေးရွာ၏ တောင်ဘက်မှ Drone ယာဉ် တစ်စင်းဖြင့် Drop Bomb နှစ်လုံး ကြဲချတိုက်ခိုက်ခဲ့ရာ ကျောင်းအုပ်ကြီးရုံးခန်းရှေ့ရှိ မြေကွက်လပ်နှင့် ကျောင်းအုတ်တံတိုင်းရှေ့၌ ကျရောက်ပေါက်ကွဲခဲ့ပြီး လူ၊ အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။

ထိုသို့ဆင်ခြင်တုံတရားမဲ့စွာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသော PDF အမည်ခံအကြမ်းဖက်သမားများကို ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## “အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/ဗိုလ်ရန်ပြေ၊ မြေကွက် အမှတ်- ၂၉၆-က၊ ဧရိယာ(၂၀ပေx၆၀ပေ)ရှိ ဦးတင်ရွှေ အမည်ပေါက် မြေချပါမစ်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၂၉၆/က၊ ဂန္ဓမာလမ်း၊ ဗိုလ်ရန်ပြေရပ်ကွက်၊ ဒလမြို့နယ် လိပ်စာပါမြေကွက်သည် ရန်ကုန်မြို့ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြေယာဌာနတွင် ဦးတင်ရွှေ (Q/RGN-၀၁၀၂၅၇) ပါမစ်အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ယခုရောင်းသူ (ပါမစ်)အမည်ပေါက် ဦးတင်ရွှေက မြေနှင့်အိမ်အား အမှန်တကယ်ပိုင်ဆိုင်ပြီး တရားဝင်လက်ရှိထား စီမံခန့်ခွဲလျက် အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း ဝန်ခံကတိပြုပြီး ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်လေး [၁၂/တမန(နိုင်)၀၇၉၇၈၀]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)ဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက မြေနှင့်အိမ်အရောင်းအဝယ်ကို ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုသန္တာဝင်း ( LL.B , LL.M )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၉၈)**
**အမှတ်-၁၇၈၊ အခန်း(၅)၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၃၁၁၅၀၊ ၀၉-၉၆၄၃၀၃၁၁၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၁)၊ နိုင်းမြစ်လမ်းနှင့်ဂျိုင်းမြစ်လမ်းထောင့်၊ မြေကွက်အမှတ်(၁၅၈)၊ မြေအကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် ဒေါ်ခင်စင်လှ(၁၂/ကမရ(နိုင်)၀၉၀၄၀၄) အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဒေါ်ကြည်ကြည်လွင် (၁၃/မကန(နိုင်)၀၂၃၂၁၄) သည် “နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်” များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်၊သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်၊

**လွှဲ အပ် ညွှန် ကြား ချက် အရ -**

**ဒေါ်စုမြတ်မောင် (LL.B)** — **ဒေါ်ကေကေနိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄)** — **အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄)**
**အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/သဘော်ာကျင်း)၊ မြေကွက်အမှတ် (ခ/၈)၊ ဧရိယာ (၀.၀၂၈)ဧက၊ မြေကွက်တည်နေရာ အမှတ်(၈)၊ မြို့မလမ်း၊ သဘော်ာကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးစိန်သန်း (TKA-၀၂၂၅၄၁) အမည်ပေါက်၊ နှစ်(၆၀) ဂရန်မြေအား တရားလို ဦးဆာမိ(ခ)ကျော်မြင့်မှ တရားပြိုင် ဦးစိန်သန်း၊ ဒေါ်ရီရီမြင့်တို့အပေါ် ဒေါပုံမြို့နယ်တရားမရုံး၊ ၂၀၂၀-ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၈ဖြင့် ပဋိညာဉ်အတိုင်းမြေနှင့်အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု စွဲဆိုခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၁၈-၂-၂၀၂၁) ရက်စွဲပါစီရင်ချက်၊ဒေါပုံမြို့နယ်တရားရုံး၊ ၂၀၂၁-ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၂၉/၂၀၂၁ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၂၇-၁၂-၂၀၂၁) ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း၊ ဒေါပုံမြို့နယ်တရားရုံးမှ (၁၅-၆-၂၀၂၂)ရက်စွဲပါစာအမှတ် -၁၄၉/၁၃- ၁/၂၀၂၂ ဖြင့် ဦးဆောင်းလွင်ဦးအား ဘီလစ်ခန့်အပ်ပြီးကြောင်း ဌာနသို့ အကြောင်းကြားသည့်စာ၊ ဂရန်မိတ္တူမှန် မူရင်းတို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး [၁၂/တမန(နိုင်)၀၂၉၅၃၁]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ ပီမိုးနင်း (၂)လမ်း၊ မြေကွက်အမှတ်-၅၅၇၊ အကျယ် (၄၀ပေx၆၀ပေ)ရှိ (ဒေါ်တင်အေးမြင့်- CD-၀၄၈၅၄၃)၊ အမည်ပေါက်ပါမစ် မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ် (၂၀ပေx၆၀ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်ဆက်များဖြင့် တရားဝင်ဝယ်ယူ လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းဝင်းမော် [၁၂/ဥကမ(နိုင်)၀၄၆၁၁၃]ထံသို့ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းဌေးက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇင်ဝင်း (LL.B,D.BL)**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၃၀၈၈)**
**အမှတ် (၁၂၀၈)၊ မဏိစန္ဒာလမ်း၊ ၆၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊**
**ဖုန်း-၀၉ - ၄၂၁၁၁၄၈၈၃ ၊ ၀၉ - ၉၆၃၁၂၂၅၆၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၆)၊ ရန်ကြီးအောင်(၂)လမ်း၊ မြေကွက်အမှတ် (၉၆၃)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဒေါ်မြမြသန်းအမည်ပေါက် ပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော (လမ်းနှင့်ကပ်လျက် ထောင့်ကွက်အခြမ်း) (၂၀ပေx၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်တစ်လုံးအပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း ဝန်ခံသူ ဒေါ်တင်နီထွေးမိုး [၁၂/မရက(နိုင်)၁၀၆၂၉၆]မှ မိမိသာလျှင် အပြီးအပိုင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်သူ** — **လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထင်လင်းအောင်** — **ဒေါ်ဖွန်မေအေး LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)**
**[၅/မရန(နိုင်)၂၉၇၇၃၄]** — **အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၂၄၄၃၁၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အဿကလမ်း (၂၀)၊ အမှတ် (၆၀၀/က)၊ မြေကွက်ပေါ်ရှိ အဆောက်အဦ၏ ဒုတိယထပ်၊ (မြေညီအပါ) လေးလွှာ၊ အကျယ်အဝန်း (၁၈x၅၇)ပေရှိ တိုက်ခန်းနှင့် ရေ၊ မီး၊ လူနေထိုင်ခွင့်အပါအဝင် ယင်းတိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်နေထိုင် ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်သူလှိုင် (ဘ) ဦးလှိုင်မြင့် [၁၂/ပဘတ(နိုင်)၀၂၆၈၁၅]နှင့် ဒေါ်သင်ဇာလွင် (ဘ) ဦးဝေလွင် [၁၂/ဥကတ(နိုင်) ၁၅၆၇၃၇]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးသတ် ငွေပေးချေ၍ အရောင်းအဝယ် ပြီးမြောက်ပိုင်ဆိုင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်လင်းထက် (LL.B.,D.B.L.,D.I.P.L.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၇၆)**
**အမှတ် ၃၆၊ (၃-A)၊ ဂန္ဓမာလမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၇၀၇၅၃၅**

## ပျောက်ဆုံး

ကျွန်မ မအေး [၁၂/လသန (နိုင်) ၀၀၅၁၈၆] ကိုင်ဆောင်သူသည် ပတ်စ်ပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-5180628**

## အမည်ပြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်၊ ဝမ်ဆော့ကျေးရွာအုပ်စု၊ ရပ်ကွက်(၁) နေ ဦးစိုင်းရွှေလှ ၏သား မောင်နော်စံဖအား ယနေ့မှစ၍ စိုင်းနော်ဆိုင်ဖဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၂-ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ်-၅၁၁ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ မြေကွက်အမှတ် - ၅၁၁၊ ဧရိယာ (၀.၀၅၆) ဧက၊ မြေအမျိုးအစား- နှစ်(၆၀) မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ် မြို့မြေစာရင်း အမည်ပေါက်ပိုင်ရှင် ဦးကျော်ကျော်စိုး [၁၃/လရန(နိုင်)၀၈၃၉၇၇]က မိမိတစ်ဦးတည်းတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ ထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟိန်းစိုး** — **ဦးသန်းဦး**
**အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၃)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ၄၃- ရပ်ကွက်၊ ဘိုးရာဇာ(၃)လမ်း၊ အမှတ်-၉၅၉ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်- ၉၅၉၊ အကျယ် (၄၀x၆၀)ပေ၊ မြေအမျိုးအစား နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဒေါ်ကြည်ကြည် [၁၂/ရကန(နိုင်)၀၁၇၆၂၄] (DDE-၀၀၅၂၁၄)အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ် စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဦးသန်းဇော်ဦး [၉/မနတ(နိုင်)၀၁၇၂၈၄]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟိန်းစိုး** — **ဦးသန်းဦး**
**အထက်တန်းရှေ့နေ (စဉ်-၄၈၉၃၃)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)**
**အမှတ်(၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၇/ရွှေပေါက်ကံ၊ မြေကွက်အမှတ်- ၄၃၀၊ (၂၄၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ် (၄၃၀)၊ တောင်ငူလမ်း၊ ၁၇/ရွှေပေါက်ကံမြို့သစ်၊ ဦးကြည်လှိုင်[၁၂/ဥကမနိုင်)၁၃၈၉၃၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးကြည်လှိုင် [၁၂/ဥကမ(နိုင်)၁၃၈၉၃၈] ကိုယ်တိုင်မှ ၂၀၀၅ ခုနှစ်တွင် ဘဏ်ချေးရန် မြေပုံကူးယူထားပြီး ၁၄-၁၂-၂၀၀၇ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ချေးငွေအပြေအကျေဆပ်ပြီးကြောင်း၊ ဘဏ်ချေးမြေပုံမူရင်းမှာ လက်ဝယ်တွင် ပျောက်ဆုံးသွားပါသဖြင့် ဌာနသို့ ပြန်လည်အပ်နှံနိုင်ခြင်းမရှိပါကြောင်း၊ အဆိုပါမြေကွက်နှင့်ပတ်သက်၍ အခြားသူသို့ တစ်ဆင့်ပြန်လည်လွှဲပြောင်းပေးကမ်း၊ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံတင်သွင်းထားခြင်းမရှိပါကြောင်း ဂရန်မြေကွက်အတွက် ဘဏ်ချေးခြင်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာမည့် ပြဿနာ အရှုပ်အရှင်းအား တာဝန်ယူပါကြောင်း ကျမ်းကျိန်လွှာအမှတ်- ၁၁၇၅/၂၁-၁၂-၂၀၂၂၊ ဂရန်မူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ စလင်းလမ်း၊ အမှတ် (၂၁/က) ဟုခေါ်တွင်သော (၂၀x၆၀)ပေ အကျယ်အဝန်းရှိ ဒေါ်ရင်ရင်တင့် အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်(ရေ+မီး)အပါအဝင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချခွင့်ရှိသူ ဒေါ်ရင်ရင်တင့် [၁၂/တတန(နိုင်) ၁၆၁၃၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မော်မော်ခိုင် [၁၄/ဇလန(နိုင်) ၁၁၆၈၀၆]မှ (၁၂-၁-၂၀၂၃)ရက်နေ့တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ အပြီးအပိုင်ဝယ်ယူကာ လက်ရောက်ရရှိပိုင်ဆိုင်ထားပြီးဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေ၏ တရားဝင်လက်ရှိပိုင်ရှင်မှာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သည့် ဒေါ်မော်မော်ခိုင်သာလျှင် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်မိုး(LL.B)** — **ဒေါ်တင်ဇာလင်း(LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၆၃၅၆)** — **(စဉ်-၁၇၂၈၈)**
**ဖုန်း-၀၉-၇၈၉၃၅၆၄၆၂** — **ဖုန်း-၀၉-၇၆၄၀၂၀၈၀၃၊ ၀၉-၄၅၁၆၁၃၇၄၃**
**ရှေ့နေများရုံးခန်း၊ အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**

## အတိုးနှုန်းသက်သာသည့် စီးပွားရေးချေးငွေ လျှောက်ထားနိုင်ကြောင်း အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသို့ အသိပေးကြေညာချက်

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အရင်းမပျောက်မတည်ရန်ပုံငွေကို ရင်းနှီးမြှုပ်နှံ၍ ရရှိလာသောအတိုးအား မသန်စွမ်းသူများနှင့် မသန်စွမ်းအဖွဲ့အစည်းများသို့ မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေနှင့်အညီ အထောက်အပံ့ပေးနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ ချေးငွေသက်တမ်း (၃)နှစ်ရှိ စီးပွားရေးချေးငွေကို အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသို့ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ထုတ်ချေးသွားမည်ဖြစ်ပါသည်။

၂။ ချေးငွေထုတ်ချေးမည့် အစီအစဉ်မှာ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ကာလတိုချေးငွေ (၃)နှစ်၊ (ဆိုင်းငံ့ကာလ ၁ နှစ် ၊ ပြန်ဆပ်ကာလ ၂ နှစ်) ထုတ်ချေးပြီး အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများမှ မသန်စွမ်းသူစီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် အသေးစား စီးပွားရေးလုပ်ငန်းရှင်များသို့ ချေးငွေထုတ်ချေးပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။ ချေးငွေထုတ်ချေးရာတွင် ချေးငွေပမာဏ၏ အနည်းဆုံး (၁၀%)ကို မသန်စွမ်းသူ စီးပွားရေးလုပ်ငန်းရှင်များသို့ ဦးစားပေးထုတ်ချေးပေးရမည်ဖြစ်ပါသည်။

၃။ အထက်ပါချေးငွေအစီအစဉ်တွင် ပါဝင်ဆောင်ရွက်လိုသည့် စုစုပေါင်းရပိုင်ခွင့်ကျပ် ၁၀ ဘီလီယံအထက်ရှိ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် ချေးငွေရယူလိုသည့်ပမာဏနှင့် ချေးငွေအပေါ် ပေးအပ်နိုင်မည့်အတိုးနှုန်းကို နောက်ဆက်တွဲပါ ချေးငွေလျှောက်လွှာတွင်ဖြည့်စွက်၍ တင်ပြရမည်ဖြစ်ပြီး ပူးတွဲတင်ပြရမည့် အထောက်အထား၊ စာရွက်စာတမ်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာန(ရုံးအမှတ်-၂၃)၊ နေပြည်တော် တွင် လူကိုယ်တိုင်လျှောက်လွှာများရယူ၍ (၂၄-၃-၂၀၂၃) ရက်နေ့ နောက်ဆုံးထားပေးပို့လျှောက်ထားနိုင်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**ပြန်လည်ထူထောင်ရေးဦးစီးဌာန**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ၇၂- ရပ်ကွက်၊ ဒေါနလမ်း၊ အမှတ်-၇၉၀/ခ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၂၊ မြေကွက်အမှတ်- ၇၉၀/ခ၊ အကျယ် (၂၀x၆၀)ပေ၊ မြေအမျိုးအစား- ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်စန်းမြင့် [၁၂/အစန(နိုင်)၀၉၆၃၂၄]အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ခိုင်ယဉ်နွယ် [၁၂/သဃက(နိုင်)၁၅၈၀၄၅]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟိန်းစိုး** — **ဦးသန်းဦး**
**အထက်တန်းရှေ့နေ (စဉ်-၄၈၉၃၃)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
**အမှတ်(၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ၄၄-ရပ်ကွက်၊ ကျောက်စိမ်း(၆)လမ်း၊ အမှတ်-၂၀၄ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄၊ မြေကွက်အမှတ်- ၂၀၄၊ ဧရိယာ (၀.၀၅၅) ဧက၊ မြေအမျိုးအစား- နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးစိုးနိုင် (CHK-၁၀၁၅၆၂) အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ ဖခင် ဦးအေးမြင့်နှင့် မိခင် ဒေါ်စန်းစန်းဝင်းတို့မှ အရပ်ကတိအရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မိခင်၊ ဖခင်တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သည့် (၁) ဦးသန်းထိုက်စိုး [၁၂/ဥကမ(နိုင်)၁၈၂၂၆၉] (၂) ဦးကျော်သူ [၁၂/ဥကမ(နိုင်) ၁၉၇၀၉၈] (၃) ဒေါ်ကေသရီ [၁၂/ဥကမ(နိုင်)၁၉၆၉၆၁]တို့က မိမိတို့ တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟိန်းစိုး** — **ဦးသန်းဦး**
**အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၃)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## တရားဝင်ကွာရှင်းပြတ်စဲပြီးပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ ကုန်းဘောင်လမ်း၊ တိုက်-၃၊ အခန်း- ၀၀၁ မြေညီထပ်နေ ဦးစိုးတင့် [၉/မရမ(နိုင်)၀၆၉၈၂၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးစိုးတင့် (ဘ) ဦးစံလှိုင် [၉/မရမ(နိုင်)၀၆၉၈၂၉] ကိုင်ဆောင်သူနှင့် ဒေါ်နိုင်နိုင်အေးရွှေ (ဘ) ဦးအေးရွှေ [၁၂/တမန(နိုင်)၁၁၃၆၉၂] ကိုင်ဆောင်သူတို့သည် (၇-၃-၂၀၂၃)ရက်နေ့တွင် ပန်းဘဲတန်း(မော်တော်ယာဉ်)မြို့နယ် တရားသူကြီးရှေ့မှောက်တွင် နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ တရားဝင်ကွာရှင်းပြတ်စဲပြီးနောက် ပစ္စည်းခန်းနှင့် နစ်နာကြေးငွေတို့ကိုပါ နှစ်ဦးသဘောတူ ရှင်းလင်းပြီးဖြစ်ပါ၍ နောက်ပိုင်းတွင် လူမှုရေးအရသော်လည်းကောင်း၊ အခြားမည်သည့်ကိစ္စမျှသော်လည်းကောင်း လုံးဝပတ်သက်ခြင်း မရှိတော့ပါကြောင်း ဒေါ်နိုင်နိုင်အေးရွှေ (ဘ) ဦးအေးရွှေနှင့်ပတ်သက်သည့် ကိစ္စများသည် ဦးစိုးတင့်နှင့် လုံးဝ(လုံးဝ) သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအဏ္ဏဝါစိုး** — **ဒေါ်မြဇာဇာအောင်**
**(LL.B, D.B.L)** — **(LL.B, D.B.L, D.I.L, D.I.P.L))**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၂၄၇)(၁၀-၅-၂၀၁၂)** — **(စဉ်-၁၁၉၇၀)(၃၁-၁-၂၀၁၇)**
**အမှတ်- ၂၀၀၊ ဒုတိယထပ်(ဘီ)၊ စံပြ(၄)လမ်း၊ စံပြရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၈၈၀၁၁၁၅၉၃၊ ၀၉-၄၅၀၀၁၁၆၅၃**

## အကောက်ခွန်ဦးစီးဌာန
## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော Mobile Phone မျိုးစုံ၊ Mattress Accessories၊ Leather Pieces၊ Rechargeable Battery Cell၊ ဂီတာ၊ ဖုန်းမှန်မကွဲနှင့် အထွေထွေကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်–

(က)နေ့ရက်/အချိန် – (၂၃–၃–၂၀၂၃)ရက်နေ့ နံနက်(၉:၀၀)နာရီ

(ခ) နေရာ – ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန် (ကုန်လှောင်ရုံ)၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ် ကမ်းနားလမ်း၊ ရန်ကုန်မြို့။

(ဂ)ပစ္စည်းအမျိုးအမည် –Mobile Phone မျိုးစုံ၊ Mattress Accessories၊ Leather Pieces၊ Rechargeable Battery Cell၊ ဂီတာ၊ ဖုန်းမှန်မကွဲနှင့် အထွေထွေကုန်ပစ္စည်းများ

(ဃ)လေလံပုံစံရောင်းချခြင်း – လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်း ပူးတွဲလျက်) တစ်စုံလျှင် ကျပ်(၅၀၀၀/–)(ကျပ်ငါးထောင်တိတိ) နှုန်းဖြင့်(၁၆–၃–၂၀၂၃)ရက်နေ့မှ(၁၇–၃–၂၀၂၃)ရက်နေ့ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(င)ပစ္စည်းပြသမည့်အချိန် –လေလံပုံစံဝယ်ယူပြီးသူများအား(၂၀–၃–၂၀၂၃)ရက်နေ့မှ (၂၁–၃–၂၀၂၃)ရက်နေ့အထိ နံနက်(၁၀:၀၀)နာရီမှ ညနေ(၁၆:၀၀)နာရီအထိ (၂)ရက်ပြသပါမည်။

၂။ အသေးစိတ်အချက်အလက် သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ)၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း(၀၉–၂၅၅၁၆၂၄၈၄၊ ၀၉–၅၀၉၇၁၂၆) သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော် လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။**

---

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြူသက်လွင် [၁၂/သဃက(နိုင်)၀၄၁၇၉၃]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်သည်မှာ–

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၀)၊ ရတနာမဥ္ဇူလမ်း၊ မြေကွက်အမှတ်(၁၈၉၄)၊ အကျယ်အဝန်း(အလျား၄၀ပေx အနံ ၆၀ပေ)ရှိ ပါမစ်မြေအမျိုးအစား မြေကွက်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးညီညီသန်း [၁၂/သဃက(နိုင်)၁၁၆၉၉၁]အမည်ပေါက် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော လမ်းမှမျက်နှာမူလျှင်–ခြေရင်းခြမ်း၊ အကျယ်အဝန်း(အလျား၂၀ပေxအနံ ၆၀ပေ)ရှိ မြေကွက်အား ၎င်းထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ပို [၁၂/ဒဂရ(နိုင်)၀၃၀၁၆၇]ထံသို့ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်မည့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည်ဆိုပါက အထောက်အထားခိုင်မာစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးဇင်သင်းအောင်** | **ဒေါ်ယမင်းလတ်** | **ဦးသက်ပိုင်ဝင်း** |
| **(LL.B, B.D.S,WIPO(Switzerland)** | **LL.B, B.D.S,WIPO(Switzerland)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၄၇၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၅၆၄)** | **အထက်တန်းရှေ့နေ(စဉ်–၅၃၅၆၆)** |

**ရုံးအမှတ်(၉/၁၁)၊ ပထမထပ်(၁၀၃–H)၊ (၃၆)လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၅၃၄၆၈၊ ၀၉–၇၇၅၀၅၃၄၆၈၊ ၀၉–၅၁၈၁၂၁၀၊ ၀၉–၇၈၅၁၈၁၂၁၀**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၁၈)(၃–လွှာB)၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၂ ½ x ၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေမီး အပါအဝင် အကျိုးခံစားခွင့်များကို အပြောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဒေါ်သက်သက်လွင်[၁၂/ကမတ(နိုင်)၀၀၈၉၄၂]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင် နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်အိဖြိုးဇင်** | **ဦးသိန်းညွှန့်** |
| **BSc,DA,HGP,R.L,DBL,DML,DIL** | **LL.B,D.B.L (စဉ်–၁၅၉၇၅)** | **BA,HGP,R.L,DBL,DML,DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၃၅၆၁)** |

**အမှတ်–၁၄၂၊ ပထမထပ်၊ ၃၉–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၉၈၈၂၇၅၉၀၊ ၀၉–၇၉၀၁၂၄၈၀၊ ၀၉–၅၀၅၃၁၀၇**

---

## ကန့်ကွက်နိုင်ပါသည်

